Right Decisions come from wide vision

THE POPULAR NEWS JOURNAL

No:21, Vol.7,
May.28,2015
(Thursday)




စာမျက်နှာ ၃၃ ➤




စာမျက်နှာ ၁၈ ➤

## ကရင်ပြည်နယ် ဝန်ကြီးချုပ် ယာဉ်တန်းကို DKBA အဖွဲ့ဝင် တစ်ဦးမှ လက်နက်ဖြင့် ချိန်၍ တားဆီး

စာမျက်နှာ ၁၀ ➤

## အဆင့်မြင့်ပညာရေး ဥပဒေမူကြမ်း ဆွေးနွေးပွဲ လေ့လာရန် ဗကသနှင့် တကသ ကျောင်းသားများကို ပထမဆုံးအကြိမ် ဖိတ်ခေါ်

စာမျက်နှာ ၆ ➤

## သမိုင်းထဲက ဆွေတော် မျိုးတော်များနှင့် တွေ့ဆုံခန်း

စာမျက်နှာ ၂၈ ➤

## ဓမ္မစေတီ ခေါင်းလောင်း ရှာဖွေနေသူ ဦးကျော်ဝင်း လုပ်ငန်းရပ်နားပြီ

စာမျက်နှာ ၁၀ ➤

## မဲဆန္ဒရှင် စာရင်းများ အင်တာနက်မှ တစ်ဆင့်ကြည့်နိုင်

စာမျက်နှာ ၆ ➤

## ဖမ်းဆီးခံ ကျောင်းသူ မဖြိုးဖြိုးအောင်၏ သတ္တိကို ကန်သမ္မတဟောင်း ဘုရှ် ချီးကျူး

စာမျက်နှာ ၆ ➤

## အနာဂတ်ကို သူတို့လည်း ပိုင်ပါသည်

စာမျက်နှာ ၉ ➤




www.free4reader.com

Vol: 7, No-21, May 28, 2015 POPULAR NEWS



ယခင်နှစ် ပြည်ခိုင်ဖြိုးပါတီအစည်းအဝေးတစ်ခုတွင် တွေ့ရသည့် သူရဦးရွှေမန်း

## ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြည်ခိုင်ဖြိုး အစည်းအဝေးခေါ်လေပြီ

PNews

ရန်ကုန်၊ မေ ၂၅

လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် အရေးပါမည့် ထိပ်သီးအစည်းအဝေး တစ်ခုကို ပြည်ခိုင်ဖြိုးပါတီမှ ယခုလ ၂၈ ရက်နှင့် ၂၉ ရက်တွင်နေပြည်တော်ရှိ ပါတီဌာနချုပ်၌ကျင်းပမည်ဟု ပါတီဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက ပြောသည်။

မဲဆန္ဒနယ်များအလိုက် ကိုယ်စားလှယ်လောင်းများစာရင်း အတည်ပြုခြင်းအပါအဝင် ရွေးဆက်မည့်လုပ်ငန်းစဉ်တို့အတွက် ကျင်းပခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

နှစ်ရက်တာ ကျင်းပမည့် ထိုအစည်းအဝေးကို ပါတီထိပ်တန်းခေါင်းဆောင်များအပြင် ဗဟိုအလုပ်အမှုဆောင်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပါတီအကြီးအကဲများနှင့် ကိုယ်စားလှယ်လောင်းများပါ တက်ရောက်ဖို့ရှိသည်ဟု ၎င်းထံမှသိရသည်။ ပါတီဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက ယခုအစည်းအဝေးသည် ပုံမှန်ကျင်းပနေကျဖြစ်သည့် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးထက် အဆင့်မြင့်ကြောင်းပြောသည်။ အစည်းအဝေးအသေးစိတ်အစီအစဉ်များကို ၎င်းက ထုတ်ဖော်မပြောသော်လည်း ကိုယ်စားလှယ်လောင်းစာရင်း အတည်ပြုမှုကို ထိုအစည်းအဝေးက ၇၅ ရာခိုင်နှုန်းအပြီး လုပ်ရန်ရှိသည်ဟုပြောသည်။

## လှေစီးလူကုန်ကူးအဓိကကြိုးကိုင်သူ မြန်မာနိုင်ငံတွင်းတိမ်းရှောင်နေဆဲ



Photo: MOI

ရန်ကုန်၊ မေ ၂၅

အရှေ့တောင်အာရှ ဒေသတွင်း နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများကို ပြုလုပ်နေသော အဓိကလက်သည်တစ်ဦးဖြစ်သော Ko Mik (ခေါ်) Nuttapat Saengthong သည် မြန်မာနိုင်ငံအတွင်းတွင်ပင် တိမ်းရှောင်နေဆဲဖြစ်ကြောင်း ထိုင်းအာဏာပိုင်များက ဆိုကြသည်။

ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံစလုံး၏ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော ၎င်းအား ဖမ်းဆီးရေးအတွက် မြန်မာအာဏာပိုင်တို့က ကူညီပေးမည်ဟု ကတိပေးထားသော်လည်း ယခုအထိ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း ထိုင်းမီဒီယာတို့က ရေးသားဖော်ပြကြသည်။

မေလ ၂၁ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့နယ်အနီး ပင်လယ်ပြင်တွင် တပ်မတော်(ရေ)က ဖမ်းဆီးရမိသော စက်လှေ ၂ စင်းအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၀ ကျော်ကို တင်ဆောင်လာသော စက်လှေကို ထိုင်းနိုင်ငံသား အုမင့် ပိုင်ဆိုင်သည့်လှေဖြစ်ကြောင်း မြန်မာအစိုးရက သတင်းထုတ်ပြန်ထားပြီး ၎င်းသည် လှေစီးလူကုန်ကူးလုပ်ငန်းကို အဓိကကြိုးကိုင်သူတစ်ဦးဖြစ်သည့် Nuttapat Saengthong ခေါ် Ko Mik ပင်ဖြစ်ကြောင်း ထိုင်းအာဏာပိုင်တို့က ဆိုထားသည်။

၎င်းသည် ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသော Suwan Saengthong ၏ ညီဖြစ်ပြီး ယခုအခါ ၎င်းသည် ဇနီးသည်နှင့် အခြားလူကုန်ကူးခေါင်းဆောင် ၅ ဦးတို့နှင့်အတူ မြန်မာနိုင်ငံဘက်တွင် တိမ်းရှောင်နေသည်ဟု ထိုင်း အာဏာပိုင်တို့က ဆိုကြသည်။ သို့ရာတွင် ၎င်း၏ ရင်းမြစ်ဇာတိကိုမူ ယခုအထိ မသိရသေးပေ။

မြန်မာနိုင်ငံတွင် ၂၀၀၆ မှ ၂၀၁၅ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း လူကုန်ကူးမှုဖြင့် ထွက်ပြေးနေသည့် တရားခံပြေးပေါင်း ၁၀၂၀ ဦးရှိသည်ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ စာရင်းများအရ သိရပြီး လူကုန်ကူးတရားခံ ၃၂၀၀ ကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်းပါရှိသည်။

ထို့အတူ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဧပြီလအထိ လူကုန်ကူးခံရသူပေါင်း ၂၇၀၆ ဦးရှိသည်ဟုလည်း သိရသည်။

ထိုင်းအာဏာပိုင်တို့က နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုဖြင့် သံသယရှိသူ ၇၇ ဦးအား ဖမ်းဝရမ်းထုတ်ခဲ့ပြီး ယင်းတို့အနက် ၄၆ ဦးကို ဖမ်းဆီးစစ်ဆေးနေပြီဟုသိရသည်။




www.free4reader.com

af
ASIAN FAM E MEDIA GROUP
CEO: Ngwe ThawDar.

THE POPULAR NEWS JOURNAL
Established in 2009

**Advisory Board**
Ko Ko Hlaing
Mg Swe Thet
Thayet Ma Thet Swe
Zaw Win Aung
Myo Tun Hlaing

**Editorial & Technical Director**
Po Naing Lin

**Editorial Director**
Ko Myo (Myanmarsar)

**HR Director**
Pann Zan

**Admin Director**
Mya Hlaing

**Editor-in-charge**
Thet Naing
Aung Khoon Set

**Editor**
Minn Thu Aung, May Zin Win
Kyaw Ye Lynn

**Editorial Desk**
Khaing Thazin Oo(Assistant Editor)

**Senior Reporters**
Thuta Linn,
Myat Su Nyein

**Reporters**
Sai La Min, Eain Si Soe San,
Khine Nwe Oo,Yan Naing,
Po La Pyae, Htoo Htoo, Zay Wai Yan
Aung Zaw Htoo, Ye Lwin, Zu Zu

**Photographer**
Aung Naing Soe (Kisapa)
Kyaw Kyaw (AF)
Hkun Lat

**Proof**
Kyaw Moe Aung (Assistant Editor),
Lwin Phyu Thant

**Design Team**
Win Ko Ko(Design-in-charge)
Zaw Win Mg(Designer)
Saw Wanna (Designer)
Phyo Phyo Khine (Designer)

**IT Team**
Ko Myo (IT) (Assit: General Manager)
Khin Wai Htet, Thidar Wine, Zayar Lin
Thiha Htun, Naing Lin Hein
Min Sett Paing

**R & D Team**
KLMA(Research Editor)
Nway Nway San Myint, Yamin Thu

**Pre-Press Dept**
Kyaw Soe Nyunt(Assistant Manager)
Lwin Myint Oo(Supervisor)

**Distribution**
Thaung Myat Kyaw, Thet Tun Aung,
Nyi Nyi Naing, Htoo Htoo Aung

**Advertising Team**
Tin Sandar Win, Thet Wai San
Htay Lin Aung, Tint Tint Aung
Khing Thandar Phyo
advertising@popularmyanmar.com
Ph-377482

**Headquarter**
No. (150/160), 35th Street (Middle),
Kyauktada Township, Yangon.
Tel: 372833. Fax: 385450
email: popularnews@popularmyanmar.com

Post Office Box - 140
**Mandalay**
No.19, 30th street, bet: 65 x 66,
Mandalay.
Ph:09-402637196
email: mandalayoffice@popularmyanmar.com
**Nay Pyi Taw**
Ph:09-420724749

**Permission No.**
TEMP : 1312
**Publisher**
U Zaw Win Mg (04886)
84/85, (30) Quarter, Hninsi St,

**Printing**
Daw Nang Clyar Win
NgweGantGaw Press(06361)
82/83 Hnin Si Phyu St,Yangon Thit

ဆင်းရဲသားတစ်ယောက်က ဗုဒ္ဓကိုမေးတယ်။ "ဘာ့ကြောင့် သူဆင်းရဲနေရတာလဲ"တဲ့။ ဗုဒ္ဓက . . "မင်းပေးကမ်းခြင်း အလေ့အထမလုပ်ခဲ့လို့" လို့ ပြောတော့၊ သူ့မှာ ပေးစရာဆိုလို့ ဘာမှ မရှိဘူးတဲ့။ ဒီတော့ ဗုဒ္ဓက . . "မင်းမှာပေးစရာ အနည်းငယ်တော့ရှိပါတယ်"။ "မျက်နှာဖြင့် အပြုံးပန်းတွေ ပေးနိုင်တယ်။ ပါးစပ်ဖြင့် သူတစ်ပါးအား ချီးမွမ်းစကားပေးနိုင်တယ်။ နှလုံးသားကို သူတစ်ပါးအတွက် ဖွင့်ထားနိုင်တယ်။ မျက်စိဖြင့် သူတစ်ပါးကို အကောင်းမြင်နိုင်တယ်။ ကိုယ်ဖြင့် သူတစ်ပါးကို ကူညီနိုင်တယ်။ ဒါကြောင့် မင်းတကယ် မဆင်းရဲပါဘူး။ စိတ်ဓာတ်ဆင်းရဲခြင်းကသာ တကယ့်ဆင်းရဲအစစ်ပါ" . . .။



အယ်ဒီတာ့အာဘော်

# ကြားထဲက ထွေးခါးမနာ စေလိုပါ

နိုင်ငံတကာသတင်းများတွင် လတ်တလော စိတ်ဝင်စားနေကြသည့် အရှေ့တောင်အာရှ လှေမျောဒုက္ခသည် သတင်းများကို ဖတ်ရှုနားဆင်တွေ့မြင်ရသောအခါ စာဆိုတော် ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဇာတ်ထဲမှ "အစွယ်လိုသူ မိဖုရား၊ အသွားစေသူ မင်းကေရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်သုံးဦးသား အနက်မှ ကံကွက်ကြား၍ ငမိုက်သားမုဆိုးလေ၊ နှင်ချည်းပင် သေပေရော့ဟု . . ."ဆိုသော စာသားကို သတိရမိသည်။

ဘင်္ဂလားပင်လယ်အော်ကမ်းခြေမှ မလေးရှားသို့လူအများကို တရားမဝင် အခကြေးငွေ ရယူပို့ဆောင်နေကြသူများမှာ ထိုင်းနိုင်ငံတောင်ပိုင်းမှ လူကုန်ကူးဂိုဏ်းများဖြစ်သည်။ ယင်းတို့သည် ပို့ဆောင်ခ တစ်ဦးလျှင် ဒေါ်လာနှစ်ထောင်နှုန်းဖြင့် သာမန်လှေ တစ်စီးလျှင် လူ ၂၀၀ ခန့်မှ လူ ၃၀၀ ကျော်အထိ မဆံ့မပြကျပ်သိပ်တင်ဆောင်ကြရာ ခရီးတစ်ကြောင်းလျှင် ဒေါ်လာ ၄ သိန်းမှ ၆ သိန်းအထိ ဝင်ငွေလမ်းဖြောင့်သော လုပ်ငန်းကြီး ဖြစ်နေသည်။ မလေးရှား၌ အခြေကျပြီးသူများ၏ သားမယား မိသားစုများက ယင်းတို့၏ လင်သားများထံ လိုက်သွားလေ့ရှိကြသည့်အတွက် ယင်းအမျိုးသမီးများနှင့် ကလေးများလည်း ယင်းလူကုန်ကူးတို့၏ ခိုးလှေများဖြင့် လိုက်ပါလေ့ရှိကြသည်။ လူကုန်ကူးခံရသူများကို ထိုင်းတောင်ပိုင်း ဇာ်နှိယသမုဒ္ဒရာ၊ ကပ္ပလီပင်လယ်ဘက်ရှိ ဆာတန်ကျွန်းနှင့် ဖူးခက်၊ ပန်ငကမ်းခြေသို့ ပို့ဆောင်ပြီး ထိုမှတစ်ဆင့် မလေးရှားသို့ ထိုင်းနိုင်ငံ ဆောင်ခလာပြည်နယ်မှနေ၍ တောလမ်းခရီးဖြင့် ခိုးသွင်းလေ့ရှိကြသည်။

လူဦးရေ ၃၀ သန်းသာရှိ၍ အလုပ်လုပ်နိုင်သော အသက်အရွယ် ၁၄ သန်းခန့်သာ ရှိသော်လည်း စုစုပေါင်း ဂျီဒီပီ ပမာဏ ၃၇၅ ဘီလီယံဒေါ်လာရှိသော မလေးရှားနိုင်ငံသည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးသောနိုင်ငံဖြစ်ပြီး အလုပ်သမားလိုအပ်ချက် ၆ သန်း၊ တရားဝင် ပြည်ပအလုပ်သမား ၂ ဒသမ ၉ သန်း၊ တရားမဝင် လာရောက်လုပ်ကိုင်သူ ၃ သန်းခန့်ရှိရာ လုပ်သားမလုံလောက်သဖြင့် ပြင်ပနိုင်ငံများမှ ဝင်ရောက်လာသော အလုပ်သမားများကို အမှီပြုနေရသော နိုင်ငံဖြစ်သည်။ ထိုအလုပ်သမားများတွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အနောက်ပိုင်းမှ ဘင်္ဂါလီများလည်း ပါဝင်သည်။ ယင်းတို့မှာ မလေးရှားနိုင်ငံတွင် 'ရိုဟင်ဂျာ' ဟူသောအမည်ဖြင့် ကုလသမဂ္ဂမှဒုက္ခသည် အဆင့်အတန်းကို အလွယ်တကူရနိုင်ပြီး ဒုက္ခသည်ထောက်ပံ့ကြေးများရရှိသည့်အပြင် မလေးရှား စက်မှုလုပ်ငန်းများ၌ တရားမဝင် သွားရောက်လုပ်ကိုင်ခြင်းဖြင့် 'နှစ်သီးစား' က အဆင်ပြေကြသည်။ ယင်းတို့နှင့် မျိုးနွယ်တူ ဘင်္ဂလားဒေ့ရှ်မှ လာရောက်ကြသူများကလည်း ဤလမ်းကြောင်းအတိုင်းလိုက်ကာ 'ရိုဟင်ဂျာ' စာရင်းသွင်းခြင်းကြောင့် ဦးရေ ဖောင်းပွလာပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်မှားစရာ ဖြစ်လာတော့သည်။

ဇာတ်ပေါင်းလိုက်သော် 'အစွယ်လိုသူ' မလေးရှားနိုင်ငံလည်း ခိုးဝင် ဘင်္ဂါလီနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကြောင့် လုပ်အားလိုအပ်ချက်အဆင်ပြေခဲ့သည်။ 'အသွားစေသူ' ထိုင်းလူကုန်ကူးဂိုဏ်းများကလည်း မတန်တဆ ဝင်ငွေများရ၍ အဆင်ပြေသည်။ ယင်းဂိုဏ်းများမှာ သာမန်လူကုန်ကူးရုံသာ မဟုတ်၊ ပြန်ပေးဆွဲ၊ နှိပ်စက်ညှဉ်းပန်း ခြိမ်းခြောက်၊ ငွေတောင်း သတ်ဖြတ်မှုများလည်း ပြုလုပ်ကြသေးသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ရခိုင်အနောက်ပိုင်းမှ ဆင်းရဲသားများမှာ 'သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး' မဟုတ်တော့ဘဲ 'သေလျှင်ရေထဲ၊ ရှင်လျှင် ရွှေခဲ' ဟူသောသဘောဖြင့်ရှိသမျှငွေကလေးကို ရှာဖွေပုံအောကာ စွန့်စားခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ရေးလမ်းကြောင်းမှာ မေလဆန်းတွင် အင်ဒိုနီးရှားကျွန်းငယ်တစ်ကျွန်းပေါ်ရှိ အင်ဒိုနီးရှားအမည်ခံ ထိုင်းငါးဖမ်းလုပ်ငန်းတစ်ခုမှ မြန်မာအပါအဝင် ကျွန်ပြုခံအလုပ်သမားများကို ဖော်ထုတ်နိုင်ခဲ့ရာမှ စ၍ ဖရိုဖရဲဖြစ်လာခဲ့သည်။ အနောက်နိုင်ငံ အစိုးရများ၏ ဖိအားဒဏ်ကို မခံနိုင်သည့် ထိုင်းအစိုးရက နိုင်ငံအတွင်းမှ လူကုန်ကူးဂိုဏ်းများကို ပြင်းပြင်းထန်ထန် အရေးယူခဲ့ရာ လမ်းခုလပ်ရှိ ကပ္ပလီပင်လယ်ပြင်မှ လူကုန်ကူးလှေများမှာ ထိုင်းကလည်း လက်မခံ၊ မလေးရှားကလည်း လက်မခံသဖြင့် ရေမျောဒုက္ခသည်များ ဖြစ်လာကြတော့သည်။

သို့သော် ဤဖြစ်ရပ်မှန် ဇာတ်လမ်းမှာ နိုင်ငံတကာ မီဒီယာ ဇာတ်ဆရာကြီးများ၏ ဇာတ်ညွှန်းတွင် အမှန်တကယ် ပါဝင်ပတ်သက်နေသည့် လုပ်အားအမြတ်ထုတ်သူ၊ လူကုန်ကူးသူများ ပျောက်သွားကာ လှေစီးမျောနေသူများမှာလည်း ငွေနှင့်ရင်း၍ ပြည်ပ၌ အလုပ်ရှာရန် တရားမဝင် ခိုးထွက်လာသူများ မဟုတ်တော့ဘဲ မြန်မာဗုဒ္ဓဘာသာလူများစုက နှိပ်စက်ရန်ပြုသဖြင့် အသက်ဘေးကြောင့် ကြောက်လန့်ထွက်ပြေးလာရသူ 'နိုင်ငံမဲ့ မွတ်ဆလင် လူနည်းစု'များ အားလုံးဖြစ်သွားကြတော့သည်။ ငိုယိုနေသော ကလေးငယ်များ၊ ဆာလောင်နေပုံရသော သားသည်မိခင်များ၏ ပုံရိပ်များကြောင့် ထိုသတင်းက လူသားချင်းစာနာမှု ရှုထောင့်မှ စိတ်ဝင်စားမှု အများဆုံး သတင်းဖြစ်လာသည်။ သို့သော် ထပ်ဖန်တလဲလဲ ထုတ်လွှင့်ခဲ့သော ထိုသတင်းကြောင့် မြန်မာနိုင်ငံက ဗီလိန်ဖြစ်သွားကာ ကြားထဲက ထွေးခါးနာရသည့်အဖြစ်သို့ ရောက်ခဲ့ရတော့သည်။

ဤပြဿနာကို ဖြေရှင်းရာ၌ ရေတိုအားဖြင့် တစ်ဆင့်ခံနိုင်ငံမှ လူကုန်ကူးမှုတွင် အဓိက တာဝန်ရှိသူများကို ကြပ်ကြပ်မတ်မတ် အရေးယူတိုက်ဖျက်သွားရန်လိုသကဲ့သို့ ပင်ရင်းနိုင်ငံများတွင်လည်း တရားမဝင် ခိုးထွက်မှုများကို တားဆီးသွားရမည်ဖြစ်သည်။ ခရီးဆုံး နိုင်ငံကလည်း တရားမဝင် အလုပ်လုပ်ကိုင်သူများကို သေချာစွာ စည်းကမ်းကြပ်မတ်ကိုင်တွယ်သွားရန် လိုပေလိမ့်မည်။

ရေရှည်၌မူ ဤပြဿနာမှာ ဆင်းရဲ၍ မတည်ငြိမ်မှုကြောင့်ဖြစ်ပေါ်လာသော တွန်းအားနှင့် ချမ်းသာ၍ လုပ်အားလိုအပ်ချက်ကြောင့် ဖြစ်ပေါ်လာသော ဆွဲအားတို့၏ ရလဒ်ဖြစ်ရာ ဒေသတွင်း ဆင်းရဲချမ်းသာကွာဟမှုကို လျှော့မချနိုင်သရွေ့ လူကုန်ကူးမှု ပြဿနာသည် ကမ္ဘာတစ်ဝန်း၌ ဆက်လက်တည်ရှိနေဦးမည်သာ ဖြစ်လေသည်။ ရေရှည်တွင် ကမ္ဘာတစ်ဝန်း ဆင်းရဲချမ်းသာကွာဟမှုကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ချဲ့ထွင်နေသော လက်ရှိကမ္ဘာ့စနစ်ကြီးအား ရေရှည်တည်တံ့၍ ဆင်းရဲချမ်းသာ မရွေးအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable and Inclusive Growth) ဖော်ဆောင်နိုင်သည့် ကမ္ဘာ့စနစ်သစ်ကြီးတစ်ရပ်နှင့် အစားထိုးနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ပေသည်။

အယ်ဒီတာ



Photo:MOI

# စစ်တွေအခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် လှေစီးဒုက္ခသည်များအား စစ်ဆေး

မောင်တော၊ မေ ၂၆

စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မစ္စတာ မိုဟာမက်မာဘူဘာရာမန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးဒုက္ခသည်များအား မေ ၂၆ ရက် နံနက် ၁၀ နာရီခန့်တွင် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့နယ်၌ ဖွင့်လှစ်ထားသော ယာယီဒုက္ခသည် စခန်းသို့ လာရောက်စစ်ဆေးသည်။

ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်သည် မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ၏ ၎င်းနိုင်ငံအတွင်း မြို့အလိုက် ဒေသအလိုက် နေထိုင်မှုနှင့် နေရပ်လိပ်စာများကို စစ်ဆေးမေးမြန်းကြောင်း သိရသည်။

www.free4reader.com

# တန်းတူအခွင့်အရေးရရန် မသန်စွမ်းသူအားလုံး မှတ်ပုံတင်နိုင်တော့မည်

ရှုရှု
ရန်ကုန်၊ မေ ၂၅

မသန်စွမ်းအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေအတည်ပြုပြဋ္ဌာန်းပြီးမှသာ မသန်စွမ်းသူများအားလုံး မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအဖွဲ့မှ ဥက္ကဋ္ဌ ဦးမြတ်ဦးက ပြောသည်။

အဆိုပါဥပဒေတွင် မသန်စွမ်းမှတ်ပုံတင်ထားသူများအတွက် အစိုးရက အကျိုးခံစားခွင့်ပေးထားခြင်းဖြစ်ပြီး ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများသာမက အလုပ်မလုပ်နိုင်သည့် မသန်စွမ်းများ၏ အခြေခံစားဝတ်နေရေးအတွက်ပါ နိုင်ငံတော်ကထောက်ပံ့ပေးရမည်ဟူသောအချက်များ ပါရှိသည်။


ဓာတ်ပုံ-အောင်နိုင်စိုး(ကဋ္ဌပ)

မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ဦးက "အခု အားလုံးက ဒီဥပဒေကိုပဲ စောင့်နေကြတာပါ။ မသန်စွမ်းမှန်ရင် မသန်စွမ်း မှတ်ပုံတင်ရမှာပဲ။ ဒါပေမဲ့ မှတ်ပုံတင်ပြီးသား မသန်စွမ်းကိုမှ အခွင့်အရေးတွေ၊ အကျိုးခံစားခွင့်တွေပေးမယ်ဆိုတာ မဖြစ်သင့်ပါဘူး။ မသန်စွမ်းအားလုံးနဲ့ သက်ဆိုင်တဲ့အတွက်အားလုံးအကျိုးခံစားခွင့်ရှိပါတယ်"ဟု ဆိုသည်။

အဆိုပါမှတ်ပုံတင်တွင် မသန်စွမ်းအမျိုးအစားအလိုက် အဆင့်ခွဲခြားထားသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အရေးခံစားခွင့်များ ကွဲပြားသွားမည်ဖြစ်ပြီး ကိုယ်လက်သန်စွမ်းသူများက မည်သည့်အကြောင်းနှင့်ဖြစ်စေ၊ မသန်စွမ်း အယောင်ဆောင်ခြင်းများ ပြုလုပ်နိုင်မည်မဟုတ်တော့ကြောင်း မသန်စွမ်းများအရေး ဆောင်ရွက်ပေးနေသည့်အသင်းအဖွဲ့များကမှတ်ချက်ပြုကြသည်။

ထိုဥပဒေ ပေါ်ထွက်လာပါက မသန်စွမ်းများသည် ၎င်းတို့၏ အခွင့်အရေးများဖြစ်သည့်အသက်ရှင်နိုင်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ လုံခြုံမှု၊ တန်းတူညီမျှရှိမှုများကို ခံစားခွင့်ရရှိလာမည်ဖြစ်ပြီး ပညာသင်ကြားခွင့်များ၊ သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်များနှင့် ကျန်းမာရေး စောင့်ရှောက်ခွင့်များလည်း ပိုမို ရရှိလာမည်ဖြစ်သည်။

မသန်စွမ်း ဥပဒေမူကြမ်း အစည်းအဝေးတွင် ဝင်ရောက်ဆွေးနွေးခဲ့ဖူးသည့် ဉာဏ်ရည်မမီကလေးမိဘများကွန်ရက် ဒုဥက္ကဋ္ဌ ဦးမိုးဇင်က "လူမှုဝန်ထမ်း ဝန်ကြီးဌာနကလည်း သူတို့လုပ်သင့်တာကို အကောင်းဆုံးဖြစ်အောင်လုပ်တယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ မသန်စွမ်းတွေရဲ့ရင်ထဲက ခံစားချက်တွေပါတဲ့ ဥပဒေကြီးဖြစ်လာအောင် ဝိုင်းပြီးကြိုးစားကြမယ်"ဟု ဆိုသည်။

လွန်ခဲ့သော နှစ်လခန့်က မသန်စွမ်းကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့်ယင်းတို့၏ ဘဝကို မြှင့်တင်ပေးနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မှတ်ပုံတင်ပြီးသား မသန်စွမ်းများအား ထောက်ပံ့ငွေပေးရန်အဆိုကို လွှတ်တော်တွင်တင်ခဲ့သော်လည်း ၎င်းအချက်သည် ဥပဒေထဲတွင် ပါရှိပြီးဖြစ်၍ မလိုအပ်ကြောင်း မသန်စွမ်းသူများက ထောက်ပြကြသည်။

လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် မသန်စွမ်းဦးရေ ၁ ဒသမ ၃ သန်းကျော်ရှိပြီး ၎င်းတို့အားလုံးသည် မသန်စွမ်းမှတ်ပုံတင်နိုင်ရန်နှင့် အခွင့်အရေးများ တန်းတူရရှိစေရန်အတွက် အဆိုပါဥပဒေကို စောင့်မျှော်နေကြသည်။

■






## ငွေဆောင် - ချောင်းသာ ဒေသခံများ၏ လူမှုဘဝဖွံ့ဖြိုးရေး စီမံကိန်းချ လုပ်ဆောင်နေ

မေဇင်ဝင်း
ရန်ကုန်၊ မေ ၂၅

ငွေဆောင်- ချောင်းသာဒေသခံများ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးရန်အတွက် စီမံကိန်းများချမှတ် လုပ်ဆောင်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ငွေဆောင်-ချောင်းသာ ဒေသကို ငပလီကဲ့သို့ မြို့ပြဖွံ့ဖြိုးရေး လုပ်ဆောင်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ထားပြီး ရှေးဦးစွာ ငွေဆောင်ဒေသကိုလုပ်ဆောင်သွားရန်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ရန်အတွက်လည်း ဟိုတယ်ခရီးဝန်ကြီးသည် ငွေဆောင်သို့ကွင်းဆင်းလေ့လာခဲ့ပြီး မြို့ခံများ၊ ဟိုတယ်ဇုန်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းပြီးဖြစ်ကြောင်း ဟိုတယ်ခရီးမှ ထုတ်ပြန်ချက်အရ သိရသည်။

"အခု လက်ရှိမှာ ငွေဆောင်မှာရှိတဲ့ လူဦးရေ စာရင်းကောက်နေပြီ။ ဌာနတိုင်းရဲ့ ညွှန်မှူးတွေက သူတို့ကဏ္ဍအလိုက် အစီအစဉ်တွေဆွဲနေပြီ"ဟု အစည်းအဝေးသို့တက်ရောက်ခဲ့သည့်ချောင်းသာဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် မည်သည့်ကဏ္ဍကို ဦးစွာလုပ်ဆောင်မည်ကို အုပ်စုဖွဲ့ကာ ကွင်းဆင်းစစ်ဆေးနေကြောင်း၊ စီမံကိန်းတွင် ဆက်သွယ်ရေး၊ ရေ၊ မီး၊ လမ်းတံတား ဖွံ့ဖြိုးရေးများ ပါဝင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ် ဘတ်ဂျက်ကတော့ လွှတ်တော်က ချပေးပြီးပြီ။ နောက်ပိုင်းတော့ ဖြစ်လာမှာပါ"ဟု ၎င်းက ပြောသည်။

ငွေဆောင်-ချောင်းသာ ဒေသကို မြို့ပြဖွံ့ဖြိုးရေး လုပ်ဆောင်ပါက မြို့ပြအဆင့်အတန်းနှင့်ညီသည့် အခြေခံအဆောက်အအုံများ တိုးတက်လာမည်ဖြစ်၍ အစီအစဉ်ကို ကြိုဆိုကြောင်း ချောင်းသာအခြေစိုက်ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်ပဧည့်များ ပိုမိုသွားရောက်ကြသည့် ငပလီကမ်းခြေဒေသကိုလည်း မြို့ပြဖွံ့ဖြိုးရေး လုပ်ဆောင်ရန် သမ္မတက လမ်းညွှန်ခဲ့ပြီး လက်ရှိတွင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးကဏ္ဍကို လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

■


www.free4reader.com



# အနာဂတ်ကို သူတို့လည်း ပိုင်ပါသည်

အိမ်စည်စိုးစံ၊ မြတ်စုငြိမ်း

ခေါင်းခေါင်း ခေါင်းလေးလှုပ်ပါလား
ခေါင်းခေါင်း ခေါင်းလေးလှုပ်လိုက်ပါ
ဖုံတီး ဖုံတီး ချပ် ချပ် ချပ်
ဖုံတီး ဖုံတီး ချပ် ချပ် ချပ်
ခေါင်းလေးလှုပ်ကာကလိုက်ပါ-

ညီညာလှသည်မဟုတ်သော်လည်း ကြိုးစားကာ တက်တက်ကြွကြွရွတ်ဆိုနေသည့် ကဗျာသံများက ကျောင်းစာသင်ခန်း တစ်ခုထံမှမဟုတ်ပါ။ ရွတ်ဆိုနေကြသူများမှာလည်း သက်တူရွယ်တူများ မဟုတ်ကြပါ။ သို့သော် မြင်ကွင်းက ကဗျာရွတ်သူများ၏ သာမန်ဘဝများနှင့်မတူ ကြိုးစားကာ ဘဝဖြတ်သန်းနေရသည်ကို သည်တစ်ချိန်အတွင်းမှာပင် အကဲခတ်နိုင်သည်။

ကဗျာရွတ်သံများ၏ တည်နေရာမှာ မြန်မာနိုင်ငံ အော်တစ်ဇင်အသင်းမှ ဖွင့်လှစ်ထားသည့် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day Care Center) တွင် လာရောက်အပ်နှံထားသည့် အော်တစ်ဇင်ကလေးများ၏ ကဗျာရွတ်သံများပင် ဖြစ်တော့သည်။

အော်တစ်ဇင်ဟူသည် စွမ်းဆောင်ရည်အချို့နှင့်သက်ဆိုင်သော ဖွံ့ဖြိုးမှုမညီမျှခြင်း သို့မဟုတ် မသန်စွမ်းခြင်းတို့ကြောင့် လူအချင်းချင်းပေါင်းသင်းဆက်ဆံရေး၊ ပြောဆိုဆက်သွယ်ရေးနှင့် တွေးခေါ်မြော်မြင်မှု ဖန်တီးနိုင်စွမ်းရည်များ ချို့ယွင်းအားနည်းခြင်းတို့ဖြင့် ဘဝတစ်လျှောက်လုံး သူတစ်ပါးအပေါ်တွင် အနည်းနှင့်အများ မှီခို၍ အသက်ရှင်နေထိုင်နေရသော အခြေအနေတစ်မျိုးဖြစ်သည်။

အော်တစ်ဇင် ဖြစ်ရသည့် အကြောင်းအရင်းနှင့်ပတ်သက်၍ သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များမှ သုတေသနအမျိုးမျိုးပြုလုပ်ကြသော်လည်း ယနေ့အထိ တိကျသည့် အဖြေကို ရှာဖွေဖော်ထုတ်နိုင်ခြင်း မရှိသေးပါ။

### အော်တစ်ဇင်ဟူသည် စိတ်ရောဂါမဟုတ်

အော်တစ်ဇင်သည် စိတ်ရောဂါတစ်မျိုးမဟုတ်သကဲ့သို့ ကူးစက်ရောဂါတစ်မျိုးလည်းမဟုတ်ပေ။ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။

ထိုကလေးမျိုးကို မွေးလာသည့်မိသားစုတွင် ကလေးဝေယျာဝစ္စနှင့်သင်ကြားလေ့ကျင့်မှုများအတွက် လူတစ်ဦး သီးသန့်ရှိမှသာ ဖြစ်နိုင်သည့် အနေအထား ဖြစ်သည့်အပြင် ၎င်းတို့သည် အပြုအမူပိုင်းအားဖြင့် ထူးခြားမှုများ ရှိနေသည့်အတွက် မိဘ သို့မဟုတ် မိသားစုဝင်ဖြစ်မှသာ ၎င်းအော်တစ်ဇင်ဖြစ်သူကို ထိန်းကျောင်းရန် အဆင်ပြေမည်ဖြစ်သည်။

စာအုပ်နှင့် စာများရေးသားနေသည့် အသက် ၁၇ နှစ်အရွယ်ရှိ 'မျိုးလေး' ဆိုသူကလေးမှာ အော်တစ်ဇင်ဆိုသည့်အတိုင်း ခန္ဓာကိုယ်နှင့် အသိဉာဏ်ညီမျှခြင်းမရှိပါ။

မျိုးလေးမှာ ဆရာမခေါ်ပေးသမျှစာများကို အလွန်လျင်မြန်လှသည့် လက်များဖြင့် လိုက်ရေးနေသည်။ ထိုလက်ရေးကိုဖြင့် သာမန်လူများ အလွယ်တကူ ဖတ်လို့ရနိုင်မည်မဟုတ်ပါ။ လျင်မြန်လွန်းလှသည့် လက်ရေးဆက်များဖြစ်သည်။

သို့သော် ရှေ့ကခေါ်ပေးနေသည်များကို မှန်ကန်မြန်ဆန်လှစွာ အမှားမရှိ ရေးနိုင်သည်ပင်။

"ကြည့်ပါ၊ သူ့စာတွေက ပန်းချီဆွဲထားတာကျနေတာပဲ။ သူ့ကို ပန်းချီဆရာကြီး ဦးလွန်းကြွယ်ဆီသွားအပ်ရင် ဆရာကြီးတောင် ရှုံးသွားနိုင်တယ်" ဟု တပည့်ကျော်မျိုးလေးကို ဆရာမတစ်ဦးက ချီးကျူးလိုက်သေးသည်။

မျိုးလေးကို "စားပြီးရင် မုန့်ကျွေးမယ်" ဟု ဆရာမတစ်ဦးက ပြောလိုက်သည်နှင့် "ဝေး" ဟု အော်ကာ ပေါင် ၂၀၀ ရှိသည့် ခန္ဓာကိုယ်ကိုနှင့်မလိုက် ပျော်ရွှင်စွာ ခုန်ပါတော့သည်။

မျိုးလေးသည် မျက်နှာတွင်ဆံပင်များ ရှုပ်နေသည်ကိုမကြိုက်၊ ထို့ပြင်ဆံပင်ဆွဲတတ်သည့် အကျင့်ရှိသည့်အတွက် သူ၏ဆရာမဖြစ်သူမှာ ခေါင်းကို ပေါင်းထားရသည်။ ထို့ပြင် တစ်ချက်တစ်ချက်စိတ်အလိုမကျပါက သူ၏ကြီးမားသည့်လက်ဖဝါးဖြင့် ရိုက်တတ်သည့်အကျင့်ကြောင့် ဆရာမများကသတိထားရသည်။ ဝိုင်းဆွဲရသည်။

### အော်တစ်ဇင် အခမဲ့နေ့ကလေးထိန်းကျောင်း

ထိုကဲ့သို့သော ထိန်းသိမ်းစောင့်ရှောက်ရခက်ခဲသည့် ကလေးများကို နေ့တစ်ပိုင်း အခမဲ့ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် နေရာကား အမှတ် (၄၉)၊ အသောကလမ်း၊ တာမွေမြို့နယ်တွင် တည်ရှိသည့် မြန်မာနိုင်ငံအော်တစ်ဇင်အသင်းရုံး၌ပင် ဖြစ်သည်။

အဆိုပါ Day Care Center တည်ထောင်ခြင်းနှင့်ပတ်သက်၍ ၎င်းကျောင်းမှ ကျောင်းအုပ် ဒေါ်နီနီအောင်မှ ဘဝတူအမေများ မိမိတို့ကလေးများကို ပုဂ္ဂလိကအော်တစ်ဇင်ကျောင်းများပို့ကြရင်း အချင်းအချင်း ရင်ဖွင့်ဖေးမကြရင်း အော်တစ်ဇင်ကလေးများအရေးဖြေရှင်းရာတွင် အဆင်ပြေစေရန်နှင့် ငွေကြေးမတတ်နိုင်ကြသည့် အော်တစ်ဇင်မိဘများကို ကူညီရိုင်းပင်းရန် စိတ်ကူးစိတ်သန်းဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ယခုနှစ်ဆိုလျှင်အော်တစ်ဇင် Day Care Center ကိုတည်ထောင်ခဲ့သည်မှာ နှစ်နှစ်ခန့်ရှိနေပြီ ဖြစ်သည်။

လက်ရှိတွင် အဆိုပါ စင်တာ၌ အော်တစ်ဇင်ကလေး နှစ်ဆယ့်လေးဦးကို လက်ခံထားပြီး ဘဝတူမိဘများ၏ကလေးများတွင် ငွေကြေးတတ်နိုင်သူများဆိုပါက လစဉ်ပံ့ပိုးမှုအလှူငွေတစ်ခု သတ်မှတ်ကာ ကောက်ခံသော်လည်း ငွေကြေးချို့တဲ့သူများကိုဖြင့် အခမဲ့ခွင့်ပြုပေးထားသည်။

အော်တစ်ဇင်ကလေးများသည် အာရုံစူးစိုက်နိုင်စွမ်း နည်းပါးသည့်အတွက် ကလေးတစ်ဦးအနေဖြင့် တစ်ရက်လျှင် လေ့ကျင့်သင်ကြားချိန် နှစ်နာရီသာ သတ်မှတ်ထားသည်။ မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း Day Care Center တွင် မနက် ၁၀ နာရီမှ ၁၂ နာရီ တစ်ချိန်နှင့် မွန်းလွဲ ၁နာရီမှ ၃နာရီအထိ တစ်ချိန်ဟူ၍ စုစုပေါင်းနှစ်ချိန် လေ့ကျင့်သင်ကြားပေးသည်။

"အော်တစ်ဇင်ကလေးတွေက သူတို့တစ်ယောက်ကို ဆရာမတစ်ယောက်ပဲ သင်ပေးရတာ။ အော်တစ်ဇင်က တခြားကလေးတွေ စာသင်သလို မဟုတ်ဘူး။ သင်ပုံသင်နည်းလည်းမတူဘူး။ တစ်ဦးနဲ့တစ်ဦး Level လည်းမတူဘူး" ဟုမြန်မာနိုင်ငံအော်တစ်ဇင်အသင်းအတွင်းရေးမှူး ဦးနေထွန်းက ဆိုသည်။

> **66**
> အော်တစ်ဇင်များတွင်
> ထွန်းပေါက်အောင်မြင်သူများ
> ပေါ်ထွက်ခဲ့ပြီး
> အဲလ်ဘတ်အိုင်းစတိုင်း၊
> မိုက်ခရိုဆော့ဖ်ကုမ္ပဏီ
> တည်ထောင်သူ ဘီလ်ဂိတ်နှင့်
> မိုက်ကယ်ဂျက်ဆင်
> စသောနာမည်ကြီး ပုဂ္ဂိုလ်များသည်
> **Asperger's Syndrome**
> ဟု ခေါ်သည့်
> အော်တစ်ဇင်အုပ်စုထဲက
> လက္ခဏာတွေ
> ရှိနေသူများဖြစ်ကြသည်။
> **99**

အော်တစ်ဇင်ကလေးများ၏ အော်တစ်ဇင်ဖြစ်မှုအခြေအနေ ကွာခြားချက်များအပေါ် မူတည်ကာ စာသင်ချိန်၊ လေ့ကျင့်ခန်းလုပ်ချိန်၊ မုန့်စားချိန်စသည်ဖြင့် ခွဲခြားလုပ်ဆောင်ပေးကြသည်။

### အော်တစ်ဇင်အဆင့်များ

အော်တစ်ဇင်တွင် အဆင့်သုံးဆင့်ရှိသည်။ ပထမအဆင့်ကို အပြင်းစားအော်တစ်ဇင်ဟုခေါ်သည်။ အပြင်းစား အော်တစ်ဇင်ကလေးများသည် တခြားလူတစ်ယောက်အား လုံးဝမှီခိုနေရသူဖြစ်သည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးမှအစ ထမင်းစားခြင်း ရေသောက်ခြင်း စသည်တို့အထိ သူ့အချိန်နှင့်သူ အခြားသူတစ်ဦးမှ လုပ်ကိုင်ပေးမှသာ အဆင်ပြေသည်။

ဒုတိယအဆင့်ကို အလတ်စားအော်တစ်ဇင်ဟုခေါ်သည်။ အလတ်စားအော်တစ်ဇင်ကလေးသည် တချို့သောကိစ္စများဖြစ်သည့် စားမည့်အရာအား ညွှန်ပြနိုင်ခြင်း၊ အစာစားခြင်းကို မိမိဘာသာ လုပ်ဆောင်နိုင်သော်လည်း အပြင်သွားလျှင်မူ အုပ်ထိန်းသူတစ်ယောက် လိုအပ်သော အဆင့်ဖြစ်သည်။

တတိယအဆင့်ဖြစ်သည့် အပျော့စားအော်တစ်ဇင်ကို Asperger ဟုလည်း ခေါ်ကြသည်။ အပျော့စားအော်တစ်ဇင်ကလေးများသည် တခြားကလေးများထက်အိုင်ကျူမြင့်ကြသည်။ ယင်းကလေးများသည်ကိစ္စအများအပြားကို ကိုယ်တိုင်လုပ်ဆောင်နိုင်ကြပြီးအနည်းငယ်ကိုသာ အခြားသူကို မှီခိုရသူများဖြစ်သည်။

ယင်းကဲ့သို့ အော်တစ်ဇင်များတွင် ထွန်းပေါက်အောင်မြင်သူများ ပေါ်ထွက်ခဲ့ပြီး အဲလ်ဘတ်အိုင်းစတိုင်း၊ မိုက်ခရိုဆော့ဖ်ကုမ္ပဏီတည်ထောင်သူ ဘီလ်ဂိတ်နှင့် မိုက်ကယ်ဂျက်ဆင် စသောနာမည်ကြီး ပုဂ္ဂိုလ်များသည် Asperger's Syndrome ဟု ခေါ်သည့် အော်တစ်ဇင်အုပ်စုထဲက လက္ခဏာတွေ ရှိနေသူများဖြစ်ကြသည်။

"ကျွန်တော်တို့ အော်တစ်ဇင်ကလေးတွေကို ဒီမှာဉာဏ်ရည်မသန်စွမ်းထဲထည့်တယ်ဆိုပေမယ့် သူများနိုင်ငံတွေမှာကျတော့သတ်သတ်ပဲ" ဟု ဦးနေထွန်းက ဆိုသည်။

### ကွက်လပ်ဖြည့်ပါ

မြန်မာနိုင်ငံရှိလူဦးရေ ၅၁ သန်းတွင် ၂ သန်းမှာ မသန်စွမ်းများဖြစ်ကြပြီး မသန်စွမ်း ၄ မျိုးအနက် ဉာဏ်ရည် မသန်စွမ်းကို အချိုးကျခွဲလိုက်မည်ဆိုပါက ဉာဏ်ရည်မသန်စွမ်းဦးရေမှာ သိန်းဂဏန်း ရှိကြောင်း မြန်မာနိုင်ငံအော်တစ်ဇင်အသင်း အတွင်းရေးမှူး ဦးနေထွန်းက ဆိုသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်းရှိ အော်တစ်ဇင်များအား လေ့ကျင့်သင်ကြားပေးသည့် ကျောင်းစုစုပေါင်းမှာ ၁၁ ကျောင်းခန့်သာရှိပြီး သင်ကြားပေးမည့်ဆရာမဦးရေနှင့် လက်ခံနိုင်သည့် ကျောင်းသားဦးရေပေါ် မူတည်ပြီး တွက်ချက်ကြည့်ပါက အများဆုံး အော်တစ်ဇင်ကလေးသုံးရာခန့်သာ သင်ကြားပေးနိုင်သည်ဟု သိရသည်။ ထို့ကြောင့်ပင် အော်တစ်ဇင် ဦးရေနှင့် သင်ကြားပေးနိုင်သည့် ကျောင်းအရေအတွက်မှာ လိုအပ်ချက်များစွာ ရှိနေသေးကြောင်း ၎င်းက သုံးသပ်သည်။

Day Care Center ကျောင်းအုပ်ဖြစ်သူ ဒေါ်နီနီအောင်၏သမီးကြီး သဲသဲမှာလည်း အော်တစ်ဇင်တစ်ဦးပင်ဖြစ်ကာ လက်ရှိတွင် အသက် ၁၆ နှစ်ရှိပြီဖြစ်သည်။ သဲသဲသည် အရွယ်ရောက်လာချိန်တွင် ရုပ်ရှင်မင်းသား နေတိုးကို အလွန်သဘောကျသူတစ်ဦးဖြစ်သည်ဟု ၎င်းက ဆိုသည်။

"သူအရွယ်ရောက်လာတော့ သူ့ခံစားချက်က နေတိုးကို အရမ်းကြိုက်တာ။ နေတိုးကို ကြည့်နေရရင် သူစိတ်ချမ်းသာတယ်။ နေတိုးပုံပါရင် သူစာကောင်းကောင်းလုပ်တယ်။ နေတိုးမပါရင် သူစိတ်ဆိုးတယ်၊ နေကြာစေ့မှာပါတဲ့ နေတိုးပုံရဲ့ ပလတ်စတစ်ပုံကိုလည်း သူ့လက်နဲ့ ညီညီညာညာလေးဖြနိုင်တယ်" ဟု ဆိုသည်။

သဲသဲမှာ သူပျော်ရွှင်နေပါက မကြာခဏ ခုန်နေလေ့ရှိပြီး သူစိတ်ညစ်သည့် အခါ လှဲအိပ်လိုက်သည့်သူ ဖြစ်သည်။

Day Care တွင် တက်ရောက်နေသည့် အောင်ဆက်သွေးဆိုသည့်ကလေးငယ်ကတော့ အသက် ၆ နှစ်အရွယ်ရှိနေပြီဖြစ်ကာ Day Care စဖွင့်သည့် အချိန်ကတည်းကပင် လာတက်နေသူ တစ်ဦးဖြစ်သည်။ သူတစ်ဦးတည်း တက်ရသည့်ရက်တွင် သွက်လက်လှသော်လည်း လူစုံသည့်နေ့များမှာတော့ ငြိမ်သက်လွန်းလှသည်။ အရာအားလုံးသည် သူနှင့်မဆိုင်သကဲ့သို့ တိတ်တဆိတ်ရှိကာ အရွယ်နှင့် မလိုက်အောင်ပင် လူကြီးလေးတစ်ဦးကဲ့သို့ သူ့စိတ်ကူးနှင့်သူ နေသည့်ပုံရှိနေသည်။

အော်တစ်ဇင် Day Care Center ကျောင်းသို့ ရောက်စက မျောက်ကလေးတစ်ကောင်ကဲ့သို့ ခုံများပေါ်သို့တွယ်တက်တတ်ပြီး ငြိမ်ငြိမ်မနေနိုင်သည့် အပြုအမူများကို ပိုင်ဆိုင်ထားသည့် ခြောက်နှစ်အရွယ် ရွှေစင်ကတော့ ကျောင်းတက်ပြီးနောက်ပိုင်းတွင် ယခင်ကလောက် လှုပ်ရှားမှု မများတော့ဘဲ အာရုံစူးစိုက်နိုင်သည့် တိုးတက်မှုများ ရလာသည်ဟု ဆရာမများက ဆိုသည်။

### အနာဂတ်ရှိပါသည်

ယင်း Day Care Center တွင် တက်ရောက်နေကြသည့် ကလေးများမှာ အော်တစ်ဇင်များဖြစ်သည့်အလျောက် မတူညီသော စရိုက်လက္ခဏာများ အသီးသီးရှိကြသည်။ သို့သော်လည်း သူတို့၏တူညီသည့်အချက်က သည်အချိန်တွင် သည်အလုပ်ကို သည်လိုမျိုးလုပ်ရသည်ဟု သင်ထားပါက ယင်းအတိုင်းသာ တရားသေစွဲမှတ်ထားတတ်ကြသူများဖြစ်ကြသည်။

အိမ်ပြန်ချိန်ဆိုပါက ကျောင်းတံခါးဝတွင်ချိတ်ထားသည့် အိမ်ပုံစက္ကူလေးများကို တစ်ယောက်လျှင်တစ်ရွက်ဖြုတ်၍ ဘေးမှ ပလတ်စတစ်ခြင်းတောင်းလေးထဲသို့ထည့်ကာ မိဘရင်ခွင်ကို ခိုလှုံရန် ပြန်ကြလေသည်။

၎င်း Day Care Center တွင် တက်ရောက်နေကြသည့်ကလေးများ၏အနာဂတ်ကလည်း ကြိုတင်မှန်းဆမရနိုင်ပေ။ တစ်နေ့တွင် ၎င်းတို့ထဲမှ အိုင်းစတိုင်းနှင့် စတီဖင်ဟော့ဖ်ကင်းကဲ့သို့ ကမ္ဘာကျော်ပုဂ္ဂိုလ်များ မထွက်ပေါ်လာနိုင်ဟု မည်သူက ငြင်းဆို နိုင်မည်နည်း။

မေးခွန်းကတော့ရှိပါသည်။ အော်တစ်ဇင်ကလေးသူငယ်တစ်ဦးဦး စိတ်ခွန်အားတက်ကြွစေရန် သင်မည်သို့လုပ်ပေးဖူးပါသလဲဟူ၍သာ။ ■

www.free4reader.com

Vol: 7, No-21, May 28, 2015 POPULAR NEWS

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ယာဉ်တန်းကို DKBA အဖွဲ့ဝင်တစ်ဦး လက်နက်ဖြင့် ချိန်၍ တားဆီး

P-News

ရန်ကုန်၊ မေ ၂၆

မေလ ၂၄ ရက်နေ့က မြဝတီ-အာရှလမ်းမကြီးပေါ် ဖြတ်သန်းလာသည့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ယာဉ်တန်းကို DKBA အဖွဲ့ဝင်တစ်ဦးမှ လက်နက်ဖြင့် ချိန်၍ တားဆီးခဲ့သည်ဟု သတင်းရရှိသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ခေါင်းဆောင်သော ပြည်နယ်ဝန်ကြီးအဖွဲ့တို့သည် ဘားအံမြို့မှ မြဝတီရှိစေတီတော်တစ်ဆူဌာပနာသွင်း အလှူပွဲသို့အသွားလမ်းတွင် တားဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က အတည်ပြုသည်။

ယင်းကဲ့သို့ တားဆီးမှုကြောင့် ယာဉ်တန်းသည်ရှေ့ဆက်သွားမရတော့ဘဲ အချိန်အတော်ကြာ စောင့်ဆိုင်းနေကြရကြောင်း ခရီးစဉ်အတွင်း လိုက်ပါလာသည့် ပြည်နယ်ဝန်ကြီးတစ်ဦးက ဆိုသည်။

"မူးနေတာကြောင့် ခုလို တားတယ်လို့ သိရပါတယ်။ သူတို့ဘက်က လူကြီးတွေ မရှိတာလည်းပါတော့ ခုဖြစ်ရပ်ဖြစ်သွားတယ်လို့ သိရပါတယ်"ဟု ၎င်းကပြောသည်။

သို့သော်လည်း နောက်ပိုင်းတွင် တားဆီးသူက ပြန်လည်လမ်းဖွင့်ပေးခဲ့ရာ မူလခရီးစဉ်အတိုင်း မဖျက်သိမ်းဘဲ ဆက်သွားခဲ့သည်ဟု ပြည်နယ်အစိုးရအဖွဲ့က ပြောသည်။

ယခုဖြစ်စဉ်သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့က မိုင်းဆွဲတိုက်ခိုက်ခံရခြင်းကြောင့် သတင်းထောက်တစ်ဦးနှင့် သတ္တုတွင်းဝန်ကြီးကိုယ်ရေးအရာရှိတို့ ဒဏ်ရာရရှိခဲ့သောမန္တလေးတိုင်းဝန်ကြီးချုပ် ဦးရဲမြင့်၏ယာဉ်တန်းဖြစ်စဉ်နှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်က ကချင်ပြည်နယ် ဖားကန့်နှင့်ကာမိုင်းလမ်းခုလတ်၌ တားဆီးခံခဲ့ရပြီး အနီးကပ်လုံခြုံရေး လိုက်ပါခဲ့သည့် ရဲတပ်ဖွဲ့ဝင်သုံးဦးအား ဖမ်းဆီးသွားသော ကချင်လမ်းပန်းဆက်သွယ် ရေးဝန်ကြီးဦးကမန်းဒူးနော်၏ ခရီးစဉ်အပြီး ထပ်မံဖြစ်ပွားလာသော ဖြစ်စဉ်ဖြစ်သည်။

မန္တလေးနှင့် ကချင်ပြည်နယ်တွင်း ဖြစ်ရပ် ၂ ခုတို့ကို အမှုဖွင့်ခဲ့သော်လည်း ယခုကရင်ပြည်နယ်တွင်း ဖြစ်စဉ်ကိုမူ အမှုမဖွင့်ခဲ့ဟု ကရင်ပြည်နယ် ဝန်ကြီးတစ်ဦးက ဆိုသည်။

"ငြိမ်းချမ်းရေး လုပ်နေတဲ့ကိစ္စမှာ ဒီကိစ္စက အသေးအဖွဲကိစ္စပါ။ သူတို့ဘက်က လူကြီးတွေကလည်း ဒီလုပ်ရပ်ကိုမကြိုက်ကြပါဘူး" ဟု၎င်းက ပြောသည်။

DKBA စစ်ဦးစီးချုပ် အပါအဝင် ဆက်ဆံရေး အရာရှိတို့ထံ ယင်းကိစ္စနှင့် ပတ်သက်၍ ဖုန်းဖြင့် အကြိမ်ကြိမ် ဆက်သွယ်သော်လည်း မရရှိခဲ့ပေ။

# ဓမ္မစေတီခေါင်းလောင်း ရှာဖွေနေသူ ဦးကျော်ဝင်း လုပ်ငန်းရပ်နားပြီ

ရုံလွင်

ရန်ကုန်၊ မေ ၂၆

ဦးစံလင်းရှာဖွေ၍ မရခဲ့သည့် ဓမ္မစေတီ ခေါင်းလောင်းကို တွေ့အောင်ရှာမည်ဟု ပြောဆိုခဲ့သူ ဦးကျော်ဝင်းမှာ ခေါင်းလောင်းရှာဖွေရေးလုပ်ငန်းကို ရပ်ဆိုင်းတော့မည့်အကြောင်း ခွင့်ပြုပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရထံ မေလ ၂၅ရက်နေ့က စာတင်လိုက်ပြီဖြစ်သည်။

သန်လျင် ရေနံချက် စက်ရုံဆင်ကျုံးဆိပ်ခံတံတားအနီးမြစ် ၃ ခွဆိုင်နေရာတွင်ပြီးခဲ့သည့် ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ ဓမ္မစေတီခေါင်းလောင်းရှာဖွေခဲ့သည့် ဦးကျော်ဝင်းက ၄ လခွဲအကြာတွင် လုပ်ငန်းကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

ကာယကံရှင်ဖြစ်သူက "ရန်ပုံငွေ မရှိတော့ဘူး၊ ရာသီဥတု မကောင်းတော့ဘူး။ ဒါတွေကြောင့်ပါ"ဟု ပြောသည်။

တိုင်းဒေသကြီး အစိုးရထံ တင်လိုက်သည့်စာတွင် ခေတ္တရပ်နားကြောင်းသာ ပါပြီး၊ ပြန်လည်စတင်ရန်လည်းရှိကြောင်း ထည့်သွင်းဖော်ပြထားသည်။

ဦးကျော်ဝင်းသည် ရှာဖွေနေစဉ်အချိန်အတွင်း ရေအောက် ရှာဖွေရေးစက်မှရရှိသောပုံများ ကောင်းကင်ဂြိုဟ်တုပုံရိပ် စသည်တို့ပြကာ ခေါင်းလောင်းတွေ့နေပြီဖြစ်ကြောင်းနှင့် မကြာမီ ကုန်းပေါ် တင်ပြမည်ဟု ပြောဆိုနေသူ ဖြစ်သည်။

ယင်းအပြင် မကြာသေးမီကာလကလည်း ရန်ပုံငွေ မရှိတော့၍ ရွှေတိဂုံဘုရား အလှူတော်ငွေဖြင့် ဆက်ရှာနိုင်ရန် ကြိုးပမ်းမည်ဟု မီဒီယာမှတစ်ဆင့် ပြောကြားသူလည်း ဖြစ်သည်။

ဦးကျော်ဝင်းသည် ခေါင်းလောင်းရှာဖွေမတွေ့ရှိပါက လျှာအဖြတ်ခံမည်ဟူ၍ လူသိရှင်ကြားပြောဆိုခဲ့သူလည်း ဖြစ်သည်။

# ရန်ကုန် - မန်းအမြန်လမ်း အဆင့်မြှင့်ရန် ကုမ္ပဏီတစ်ရာကျော် လျှောက်ထားသော်လည်း ၂၆ ခုသာ ယှဉ်ပြိုင်

စေယံ၊ ဖိုးလမင်း

နေပြည်တော်၊ မေ ၂၆

ရန်ကုန်-မန္တလေးအမြန်လမ်းအား ကမ္ဘာ့အဆင့်မီ လမ်းအဖြစ် အဆင့်မြှင့်တင်ရန် ပြည်တွင်းပြည်ပမှကုမ္ပဏီ ၁၆၂ ခုက လာရောက် လျှောက်ထားခဲ့ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ အဆင့်မြှင့်တင်ရာတွင် ရန် ကုန်-မန္တလေးအမြန်လမ်းမကြီးအား ၈ လမ်းသွား လမ်းမကြီးအဖြစ် ထပ်မံတိုးချဲ့သွားမည်ဖြစ်ပြီး အဆိုပါလမ်း တစ်လျှောက်တွင် စီစီတီဗီကင်မရာများ တပ်ဆင်ကာ ထိန်းချုပ်သွားမည်ဖြစ်ကြောင်း လမ်း၏ဘေးပတ်လည်တွင် ဆိုင်ကယ်၊ စက်ဘီး၊ ကျွဲ၊ နွားစသည့် တို့ဝင်ရောက်ခြင်း မပြုနိုင်ရန်အတွက် ခြံစည်းရိုးအပြည့် ကာရန်သွားမည်ဖြစ်ကြောင်း သိရသည်။

"လာလျှောက်တဲ့ ကုမ္ပဏီကတော့ အများကြီးပဲ။ တကယ်တမ်းလာပြိုင်တော့ ကုမ္ပဏီက ၂၆ ခုပဲ လာပြိုင်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ထို့ကဲ့သို့အဆင့်မြှင့်တင်ရန် ဆောင်ရွက်ရခြင်းမှာ အမြန်လမ်းတွင် ယာဉ်မတော်တဆ ဖြစ်ပွားခြင်း များပြားမှုအား လျော့ကျသွားစေရန်နှင့် အမြန်လမ်း စတင်ဆောက်လုပ်စဉ်ကတည်းကရေးဆွဲခဲ့သည့် ပင်မအစီအစဉ် တစ်ရပ်လည်းဖြစ်ကြောင်း လမ်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ရေးဆွဲထားတဲ့ ပင်မအစီအစဉ်တွေရှိပါတယ်။ ဒီကုမ္ပဏီတွေကို ဘယ်လိုတာဝန်ခွဲပေးမယ်ဆိုတဲ့ အစီအစဉ်ကိုတော့ နောက်လလောက်ဆို သိရမှာပါ" ဟု ၎င်းက ဆက်ရှင်းပြသည်။

ထိုသို့ အမြန်လမ်း အဆင့်မြှင့်တင်ခြင်းအစီအစဉ်မှာ အလွန်ကောင်းမွန်ကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ယာဉ်မောင်း ပိုမိုလုံခြုံသည့် ခံစားချက်ဖြစ် ပေါ်စေနိုင်ပြီး လမ်း၏ ဘေးဘက် မှ ကျရောက်လာနိုင်သော အန္တရာယ်များမှ ကင်းဝေးသွားနိုင် ကြောင်း အစီအစဉ်အမှန်တကယ် ဖြစ်လာမည်ဆိုလျှင် အလွန် ကောင်းမွန်ကြောင်း မန္တလေးအခြေစိုက် ခရီးသွားလုပ်ငန်းတစ်ခုမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေး အမြန်လမ်း အရှည်သည် ၃၆၆ မိုင် ၃ ဖာလုံရှိပြီး အဆိုပါလမ်းကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်ပေးခဲ့ခြင်း ဖြစ်သည်။ စဖွင့်သည့် အချိန်မှ စ၍ လက်ရှိအချိန်ထိ ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားနေသဖြင့် လမ်းကိုအဆင့်မြှင့်ရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။

# ယခုနှစ် မြွေဆိပ်ဖြေဆေး ရှစ်သောင်းကျော် ထုတ်လုပ်မည်

ဖိုးလမင်း၊ စေယံ

နေပြည်တော်၊ မေ ၂၆

ခေတ်မီ နည်းစနစ်များနှင့်အညီ မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရန်နှင့် ကုသခြင်းဆိုင်ရာနည်းပညာများရရှိရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ဩစတြေးလျနှင့် ဘရာဇီးနိုင်ငံများမှ အကူအညီအထောက်အပံ့ များ ရယူဆောင်ရွက်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်က ပြောသည်။

"မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရာမှာ အဓိကအသုံးပြုတဲ့မြွေ၊ မြင်းနဲ့သိုးတွေ မွေးမြူခြင်း၊ ထိန်းသိမ်းခြင်း၊ ရောဂါလက္ခဏာများရှာဖွေခြင်း တွေကို ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နဲ့ဒီနိုင်ငံတွေရဲ့အကူအညီနဲ့ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

ထို့အပြင် မြွေဆိပ်ဖြေဆေးအား နိုင်ငံတော်၏ လိုအပ်ချက်များပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ ငွေလုံးငွေရင်း အသုံးစရိတ်တောင်းခံပြီး မြွေဆိပ်ဖြေဆေး အဆောက်အအုံသစ်ကိုကောင်းမွန်သော ကျန်းမာရေးစနစ် (GMP)နှင့်အညီ တည်ဆောက်လျက်ရှိသည်ဟု ဒုဝန်ကြီးက ပြောကြားခဲ့သည်။

မြွေကိုက်ခံရသည့်နှုန်း မြင့်မားသည့် မြန်မာနိုင်ငံတွင် ယခုနှစ်အတွက် မြွေဆိပ်ဖြေဆေးအလုံး ၈၀၀၀၀ ထုတ်လုပ်ရန် စီမံချက်ရေးဆွဲထားကြောင်း ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO)၏ အထောက်အပံ့ဖြင့် မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုဆိုင်ရာဝန်ထမ်းသုံးဦးအား ထိုင်းနိုင်ငံသို့ မြွေဆိပ်ဖြေဆေးနှင့် မြင်းဖောင်းများ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းနည်းပညာများ လေ့လာသင်တန်းတက်နိုင်ရန် စေလွှတ်ခဲ့သည်ဟု ၎င်းကဆက်ပြောသည်။

ထို့အပြင် ဩစတြေးလျနိုင်ငံမှ မြန်မာ့ကျန်းမာရေးဆိုင်ရာ ဩစတြေးလျအကူအညီပေး ရေးအဖွဲ့၏ DFAT-GPFT Project မှ Improving the Health Outcomes for Snake Bite Victims in Myanmar စီမံချက်အရ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အတွင်း မြွေဆိပ်ဖြေဆေး ထုတ်လုပ်သောဝန်ထမ်းများအတွက် သင်တန်းများပေးခြင်းနှင့်စက်ပစ္စည်း အထောက်အပံ့များရရှိနိုင်ရေးအတွက် ဆောင်ရွက်ထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၂ခုနှစ်ထိမြွေကိုက်မှု ဖြစ်စဉ်ပေါင်း ၉၉၇၉၂ မှုဖြစ် ပွားခဲ့ပြီး ထိုမြွေကိုက်မှုကြောင့် သေဆုံးသူပေါင်း ၃၁၄၄ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

# ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီ မှတ်ပုံမတင်နိုင်သေး

ရုံလွင်

ရန်ကုန်၊ မေ ၂၆

ရန်ကုန်ရှိ ယာဉ်လိုင်းများကို အများပိုင် ကုမ္ပဏီတည်ထောင် ပြေးဆွဲနိုင်ရန် ဆောင်ရွက်ရာတွင် ဦးစီးတည်ထောင်သူ တစ်ဦးလိုနေသည့်အတွက် ကုမ္ပဏီမှတ်ပုံတင်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ဦးစီးတည်ထောင်သူ ၄ ဦးပြည့်မှသာကုမ္ပဏီအဖြစ် တရားဝင်ဆောင်ရွက်ခွင့်ရမည်ဖြစ်ပြီး အစုရှယ်ယာများကို ရောင်းချခွင့်ရမည်ဖြစ်ကြောင်း အများပိုင်ကုမ္ပဏီတည်ထောင်ရေးအဖွဲ့မှ ဒေါက်တာမောင်အောင်က ပြောသည်။

"ကျွန်တော်တို့ဘက်က လိုအပ်နေတဲ့ တစ်ဦးကို အမြန်ဆုံးရှာသွားမှာပါ။ လာမယ့် အပတ်လောက်မှာတော့ ကုမ္ပဏီမှတ်ပုံတင် ဖြစ်လောက်ပါတယ်"ဟု ၎င်းက ဆိုသည်။

သို့သော်လည်း ရန်ကုန်မြို့အတွင်းပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်ပိုင်ရှင်များက အစုရှယ်ယာမထည့်ကြသည့်အတွက် လိုအပ်သော ၁၅ ဘီလျံကို ရရှိရန် ကုမ္ပဏီ ၄ ခုပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များက ပြောသည်။

အမှတ် ၄၈ ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင် တစ်ဦးဖြစ်သူ ကိုတရုတ်လေးက "ကျွန်တော်တို့ ကိုဒီလ အစောပိုင်းလောက်က ယာဉ်လိုင်းဥက္ကဋ္ဌတွေက ခေါ်ပြီးပြောတယ်။ အဲဒီလိုပဲ ပြောတာ။ အများပိုင်ကို လုပ်နေတယ် ဆိုပေမယ့် ကျွန်တော်တို့ ပုဂ္ဂလိကယာဉ်ပိုင်ရှင်တွေတော်တော်များများနဲ့တော့ ချိတ်ဆက်လုပ်ကိုင်တာ မရှိဘူး"ဟု ပြောသည်။

ထိုသို့ပြောဆိုမှုနှင့် ပတ်သက်၍ဒေါက်တာမောင်အောင်ကယင်းကိစ္စသည်မဟုတ်ကြောင်း၊ ကုမ္ပဏီထူထောင်ပြီးမှသာ အစုရှယ်ယာရောင်းချသည့် အပိုင်းကို သွားရခြင်း ဖြစ်ကြောင်း၊ ထိုအခါတွင် ယာဉ်ပိုင်ရှင်များပါဝင်လာမည်ဖြစ်ကြောင်း ပြောသည်။

လက်ရှိတွင် အများပိုင်ယာဉ်လိုင်း၌ ပြေးဆွဲမည့်ကားများထားရန်အတွက် နေရာများ၊ ကားမှတ်တိုင်ပြုလုပ်မည့် နေရာများကို ရွေးချယ်ပြီး သွားပြီဖြစ်ပြီး မကြာခင်အချိန်၌ ပြည်သူများကို အသိပေးတင်ပြသွားမည်ဟုလည်း ၎င်းက ပြောသည်။

"ကျွန်တော်တို့ဘက်က လက်ရှိ အခြေအနေကို ဘာမှ ထုတ်ပြောလို့မရသေးလို့ပါ။ ပွင့်လင်းမြင်သာမှု မရှိတာမဟုတ်ပါဘူး။ အဆင်သင့်ဖြစ်ရင်တော့အားလုံးကို အသိပေးချပြသွားမှာပါ"ဟု ယင်းက ထပ်လောင်းပြောဆိုသည်။

ရန်ကုန်တိုင်းအတွင်း ကျွမ်းကျင်ယာဉ်မောင်း ရှားပါးမှု၊ မော်တော်ယာဉ်များအတွက် ချမှတ်ထားသော မူဝါဒများတွင် မလိုအပ်သည့် မူဝါဒများ ပါဝင်နေခြင်း၊ ဓာတ်ငွေ့ရရန် ခက်ခဲခြင်း၊ ယာဉ်စီးခကိုထိုက်တန်သလောက်ကောက်ခွင့်မရှိခြင်း၊ ကားတင်သွင်းခွင့် မူဝါဒများ မကောင်းခြင်းတို့ကြောင့် ယာဉ်လိုင်းများ အရှုံးပေါ်နေ၍ ယင်းစနစ်ကိုပါဝင်ရန် အခက်အခဲဖြစ်နေကြောင်း မော်တော်ယာဉ်ပိုင်ရှင်များက ပြောကြသည်။

ယင်းခရီးသည် ဘတ်စ်ကားလိုင်းများကို အများပိုင်အဖြစ် အဆင့်မြှင့်တင်ပြောင်းလဲရန်အတွက် ရင်းနှီးမြှုပ်နှံငွေ ၂၅ ဘီလျံ သတ်မှတ်ထားပြီး အစိုးရမှ ၁၀ ဘီလျံ မတည်ထားကာ ၁၅ ဘီလျံလိုအပ်လျက်ရှိကြောင်း သိရသည်။

www.free4reader.com

# ပါတီတို့၏ကတိ ပြည်သူများ သိစေ . . .



ပါတီအမည် - ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
ဥက္ကဋ္ဌ - ဒေါက်တာမနာမ်တူးဂျာ
ပါတီဝင်ဦးရေ - တစ်သောင်းခန့်
ရုံးချုပ်တည်နေရာ - အမှတ် ၃၈၆၊ ယုဇနရပ်ကွက်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
ဆက်သွယ်ရန် - ဖုန်း ။ ၀၉ ၄၀၀၀ ၂၁၅၃၀



ယခုအပတ်တွင်လည်း ပါတီတို့၏ကတိပြည်သူများသိစေ ကဏ္ဍအတွက် ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှဥက္ကဋ္ဌဒေါက်တာ မနာမ်တူးဂျာနှင့် ဒုဥက္ကဋ္ဌဦးဇော်မိုးနော်တို့အား ပေါ်ပြူလာနယူးစ်မှဆက်သွယ်မေးမြန်းထားခြင်း ဖြစ်ပါသည်။

**လက်ရှိမှာ ကချင်တိုင်းရင်းသားပါတီတစ်ခု အနေနဲ့ ကချင်ပြည်နယ်ရဲ့ထောက်ခံမှုကို ရရှိနေပြီလို့ ထင်ပါသလား။**

ကျွန်တော်တို့ ပါတီအနေနဲ့ကတော့ ကချင်ပြည်နယ် လူထုရဲ့ ထောက်ခံမှုကို ရရှိနေပါပြီ။ ကချင်ပြည်နယ်မှာမြို့နယ် ၁၈ မြို့နယ်ပေါ့။ အဲဒီမှာကျွန်တော်သွားပြီးတာ ၁၅ မြို့နယ်။ ရောက်ခဲ့တဲ့မြို့နယ်တိုင်းမှာ လူထုနဲ့ တွေ့ဆုံတိုင်းမှာတော့ ထောက်ခံမှုကို ရရှိပါတယ်။

**ကချင်ပြည်နယ်မှာ ပါတီလေးငါးခု လောက်ရှိတယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့နှစ်တွေက အဲဒီပါတီတွေကို ပေါင်းစည်းဖို့ ကြိုးစားခဲ့သေးတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူးလို့ သိရတယ်။ ဘာကြောင့်ပါလဲ။**

ကျွန်တော်တို့ ပေါင်းစည်းတဲ့ကိစ္စက မူအရသဘောတူကြတယ်။ အကြမ်းဖျင်းပြောရရင် ကျန်တဲ့ အခြေအနေနဲ့အချိန်အခါကိုလည်း ကြည့်ရသေးတယ်။ ဘာကြောင့်ဆိုတာတော့ ကျွန်တော် အစောပိုင်းတွေက အင်တာဗျူးတွေမှာ ဖြေခဲ့တဲ့ အတိုင်းပါပဲ။ ပေါင်းစည်းတဲ့ကိစ္စကနားလည်မှုနဲ့လည်း ပေါင်းစည်းထားလို့ ရပါတယ်။ ဒါပေမဲ့ ၂၀၁၅ ရွေးကောက်ပွဲပြီးရင်တော့ ကချင်ဒေသမှာရှိတဲ့ ပါတီတွေ ပေါင်းစည်းရေးကို ဆက်ပြီး လုပ်သွားဖို့ ရှိပါတယ်။

**ယခင် KIO ဒုဥက္ကဋ္ဌဟောင်းတစ်ယောက်အနေနဲ့ လက်ရှိ ကချင်တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ မြန်မာအစိုးရနဲ့ဖြစ်နေတဲ့ တိုက်ပွဲတွေအပေါ်မှာ နည်းနည်းသုံးသပ်ပေးပါ။**

ကချင်စစ်ပွဲတွေ ကတော့ အဓိက တိုက်ပွဲတွေ ရပ်ဖို့ပါပဲ။ တိုက်ပွဲတွေ ဖြစ်တော့ ယုံကြည်မှုတွေပျက်တယ်။ လက်ရှိကြိုးစားနေတဲ့ အပစ်ရပ်စဲရေးတွေ နိုင်ငံရေးဆွေးနွေးပွဲတွေ ဒါတွေကိုမလုပ်နိုင်တာက တိုက်ပွဲတွေမရပ်လို့ပဲ။ အဲဒီတော့ အစိုးရကတိုက်ပွဲတွေ ရပ်သွားဖို့ အရင်လုပ်ရမယ်။ အဲဒီမှာ တိုက်ပွဲတွေမရပ်နိုင်တာကလည်း နိုင်ငံရေးအရ အဖြေမရသေးလို့။ နိုင်ငံရေး အဖြေရဖို့ကလည်း နိုင်ငံရေးနည်းအရအဖြေရှာရမယ်။ တိုင်းရင်းသားတွေဘက်က လက်ခံနိုင်တဲ့ သဘောတူညီချက် မရသေးလို့ပဲ။ တိုင်းရင်းသားတွေ ဘက်က လက်ခံနိုင်တဲ့ အဖြေတစ်ခုထွက်လာရင် အခုလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေ အားလုံးအောင်မြင်သွားမှာပါ။

**လက်ရှိမှာလည်း တိုင်းရင်းသားတွေအားလုံးနဲ့ အစိုးရ အပါအဝင် ဖက်ဒရယ်စနစ်ဆိုတာကို ပြောနေကြတယ်။ ဖက်ဒရယ်ဆိုတာလည်း အမျိုးမျိုးရှိနေတော့ KIO ဒုဥက္ကဋ္ဌဟောင်းတစ်ဦးအနေနဲ့ လက်ခံတဲ့ ဖက်ဒရယ်စနစ်ဆိုတာ ဘယ်လိုမျိုးလဲဆိုတာ သိပါရစေ။**

ကျွန်တော်တို့လိုချင်တဲ့ ဖက်ဒရယ်စနစ်ဆိုတာကကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို အာမခံချက်ပေးနိုင်မယ့်စနစ်။ စစ်မှန်တဲ့ဖက်ဒရယ်စနစ်ဖြစ်ဖို့ လိုတယ်။ တိုင်းရင်းသားတွေအားလုံးကလည်း ဒါကို လိုချင်တာ။ တိုင်းပြည်တစ်ခုလုံး တန်းတူအခွင့်အရေးရဖို့။ အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှု ဒါတွေကို မျှော်လင့်တာ။ နိုင်ငံတော်သမ္မတဦးသိန်းစိန်က သူ့အစိုးရသက်တမ်းမှာနိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေးကို လက်မှတ်ထိုးချင်တယ်။ ဒါက ဖြစ်နိုင်ရင်တော့ ကောင်းတာပေါ့။ ပြီးခဲ့တဲ့ အချိန်တုန်းကလည်း စာချုပ်မူကြမ်းကို ပန်ဆန်းမှာပြန်ဆွေးနွေးတယ်လို့သိရတယ်။ ဒါပေမဲ့ မကြာခင်မှာပြုလုပ်မယ့် NCCT ခေါင်းဆောင်တွေရဲ့ညီလာခံပြီးရင် ထွက်လာတဲ့ အဖြေကို အစိုးရအနေနဲ့ လိုက်လျောမှုတွေလုပ်ရင်တော့ အဲဒီလက်မှတ်ထိုးမှုတွေက ဖြစ်လာမှာပါ။

**လက်ရှိကိုးကန့်နဲ့ ဝဒေသမှာဖြစ်ပွားနေတဲ့ နယ်မြေ တောင်းဆိုမှုတွေအပေါ်မှာ ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားပါတီတစ်ခု အနေနဲ့ ဘယ်လို သုံးသပ်ပါသလဲ။ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဆိုတာ ရှင်းပြပေးပါ။**

မြန်မာနိုင်ငံသမိုင်းကို ပြန်ကြည့်ရင် တချို့သော ပြည်နယ်တွေက ပြည်ထောင်စုအနေနဲ့ ရပ်တည်နေကြတာ ရှိတယ်။ တချို့က အစိုးရက သတ်မှတ်ပေးထားတာရှိတယ်။ တချို့ဒေသတွေကိုလည်း ခေတ်အဆက်ဆက် အစိုးရက ကိုယ် ပိုင်အုပ်ချုပ်ခွင့်ပေးထားတာပဲ။ အဲဒီတော့ ကျွန်တော်တို့ကချင်ပြည်နယ်က ပြည်နယ်အဖြစ်သတ်မှတ်ထား ပြီးသားပဲလေ။ ကချင်ပြည်နယ်ကတော့ တောင်းဆိုဖို့ မရှိလောက်ဘူး။ ကျွန်တော်တို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ စစ်မှန်တဲ့ဒီမိုကရေစီရရှိဖို့၊ ကိုယ့်ကံကြမ္မာကိုကိုယ် လွတ်လပ်စွာဖန်တီးနိုင်ဖို့ပဲ လိုတာပါ။ ဒါတွေရဖို့ကိုပဲ ဆက်လက် လုပ်ဆောင်သွားမှာပါ။ ကျန်တဲ့ တိုင်းရင်းသားဒေသတွေမှာ ဖြစ်တဲ့ တောင်းဆိုမှုတွေကိုတော့ ကျွန်တော်တို့အနေနဲ့ ပြောဖို့ခက်ပါတယ်။ အဓိက,ကတော့ အဲဒါ အစိုးရနဲ့ပဲ ဆိုင်ပါတယ်။ အစိုးရမှာပဲ တာဝန်ရှိပါတယ်။

**နောက်ဆုံးအဖြစ် ဆရာတို့ပါတီအနေနဲ့ ထည့်သွင်းဖြည့်စွက်ပြောကြားချင်တာများရှိရင် ပြောပေးပါဦး။**

ကျွန်တော်တို့ ပြောချင်တာကတော့ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးကအများအားဖြင့်လွှတ်တော်ကို ရောက်သွားရင်စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဦးတည်သွားနိုင်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့လည်း ကချင်ပြည်နယ် ၁၈ မြို့နယ်မှာ ဝင်ပြိုင်ဖို့ကြိုးစားနေပါတယ်။ အဲဒီမှာ နိုင်ပြီး ကချင် ပြည်နယ် အစိုးရအဖွဲ့မှာ ပါဝင်ဆောင်ရွက်ခွင့် ရရင်တော့ ကချင်ပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်သွားနိုင်မယ်လို့ ပြောချင်ပါတယ်။ ■

## ပေါ်ပြူလာနယူးစ်ကာတွန်းများ









www.free4reader.com

Vol: 7, No-21, May 28, 2015 POPULAR NEWS




*ဒီတစ်ပတ်မှာတော့ အမျိုးသမီးတိုင်း သိထားသင့်တဲ့ ကျန်းမာရေးဗဟုသုတတစ်ခုဖြစ်တဲ့ သန္ဓေတားဆေးတွေအကြောင်းကို ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံသိရအောင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ သားဖွားမီးယပ်ဌာနမှ ပါမောက္ခ ဦးအေးအောင်နှင့် တွေ့ဆုံမေးမြန်း ဖော်ပြပေးလိုက်ပါတယ်။*

# သန္ဓေတားဆေး သုံးချင်တယ်ဆိုရင်တော့ ကျွမ်းကျင်ပညာရှင်နဲ့ပြပြီး သုံးနိုင်တယ်

*မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ သားဖွားမီးယပ်ဌာနမှ ပါမောက္ခ ဦးအေးအောင် နှင့် မေးမြန်းခြင်း*

**မြန်မာနိုင်ငံမှာ လက်ရှိ အသုံးပြုနေတဲ့ သန္ဓေတားနည်း ဘယ်လောက်ရှိတယ်ဆိုတာ အရင်ဆုံး ပြောပြပေးပါ ဆရာ။**

မြန်မာနိုင်ငံမှာ သုံးတဲ့ သန္ဓေတားဆေးနဲ့ အခြားနိုင်ငံများမှာ သုံးတဲ့ သန္ဓေတားဆေးက သိပ်မကွာဘူး။

ဟော်မုန်းပါတဲ့ သန္ဓေတား သောက်ဆေးမှာ ပရိုဂျက်စတိုဂျင် တစ်မျိုးတည်းပါသောဆေး၊ အီစတိုဂျင်နဲ့ ပရိုဂျက်စတိုဂျင် နှစ်မျိုးပါသောဆေး ဆိုတာရှိတယ်။

နောက်တစ်ခုက ဟော်မုန်းပါတဲ့ သန္ဓေတား ထိုးဆေးဆိုတာ ရှိတယ်။ သုံးလခံဆေးဆိုတာရှိတယ်။ တစ်လခံဆေးတွေက ပြည်တွင်းဈေးကွက်တန်းမှာ မတွေ့ရသေးဘူး။ အပြင်မှာလည်း အလွယ်တကူဝယ်မရဘူး။ NGO တွေသုံးနေတဲ့ဟာတွေ ရှိတယ်။ အဲဒါတွေက ရှိလိုက် ပြတ်သွားလိုက် ရှိလိုက် ပြတ်သွားလိုက်နဲ့ပေါ့။

နောက်တစ်ခုက ဟော်မုန်းပါတဲ့ အရေပြားအောက်မှာ ထည့်တဲ့သန္ဓေတားတဲ့ဟာကို အင်ပလန့် (Implanon) လို့ခေါ်တယ်။ အဲဒါလည်း ပရိုဂျက်စတိုဂျင်တစ်မျိုးတည်းပါတယ်။ လက်မောင်းအတွင်းဘက်မှာ ထည့်လေ့ရှိတယ်။

အဲဒါပြီးတော့ သားအိမ်တွင်းမှာ ထည့်တဲ့ သန္ဓေတားတဲ့ဟာပေါ့။ IUCDပေါ့။ အဲဒါက ကော့ပါးပါတဲ့ ကော့ပါး(T)ဆိုတာ ရှိတယ်။ နောက်ပြီးတော့ Multiload ဆိုတာရှိတယ်။ နှစ်ခုစလုံးက ကော့ပါး ပါတယ်။ ပြီးရင်ကွန်ဒုံးပေါ့။ ကွန်ဒုံးမှာ အမျိုးသားသုံးတာရှိတယ်။ အမျိုးသမီးတွေသုံးတာရှိတယ်။ နောက်ပြီးတော့အရေးပေါ် သန္ဓေတားဆေး ဆိုတာရှိတယ်။ ဒါက ပရိုဂျက်စတိုဂျင် တစ်မျိုးတည်း ပါတာ ရှိတယ်။

အခုလောလောဆယ် မြန်မာပြည်မှာ သန္ဓေတားတဲ့နည်းက လောလောဆယ် ဒါပဲ ရှိတယ်။ အဲဒီအထဲမှာ အသုံးအများဆုံးကတော့ သောက်ဆေး ဆေးကတ်ရယ်။ ထိုးဆေးရယ်ပေါ့။

**ဘယ်လို အမျိုးသမီးတွေက ဘယ်လိုသန္ဓေတားတဲ့ နည်းလမ်းတွေနှင့် သင့်တော်ပါသလဲ ဆရာ။**

သန္ဓေတားဆေးဆိုတာ သူတို့ အသုံးပြုမယ့်သူ သင့်တော်တဲ့ နည်းလမ်းကိုပဲ သုံးရတယ်။ ဆရာဝန်ပြောတာကို မသုံးရဘူး။ ဆရာဝန်က ဒီ သန္ဓေတားဆေးသည် ဘယ်လိုသုံးရတယ်၊ ဘယ်အကျိုးအာနိသင်ရှိတယ်၊ ဘယ်လိုဘေးထွက် ဆိုးကျိုးရှိတယ်ဆိုတာကိုပဲ ချပြရတယ်။ ဒီဥစ္စာကို ရွေးတာက သုံးမယ့်လူကပဲ ရွေးတာ၊ တို့တွေက မရွေးဘူး။ သူတို့က အဆင်ပြေတာကို သုံးတယ်။ ဥပမာ ကလေးမွေးပြီးတဲ့ အမျိုးသမီးသည် နို့ထွက်နှုန်းကို မထိခိုက်စေချင်ဘူးဆိုရင် ပရိုဂျက်စတုန်း တစ်



မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး သားဖွားမီးယပ်ဌာနမှ ပါမောက္ခ ဦးအေးအောင်

မျိုးတည်းပါတဲ့ ဆေးကို သုံးလို့ရတယ်။ ပရိုဂျက်စတိုဂျင် တစ်မျိုးတည်းပါတဲ့ သောက်ဆေးကို သောက်မလား၊ ထိုးဆေးကို ထိုးမလား၊ လက်မောင်းထဲထည့်တဲ့ဟာကို သုံးမလား ကြိုက်တာကို ရွေးလို့ရတယ်။ နောက် IUCD သုံးလို့ရတယ်။ ကွန်ဒုံးသုံးမလား။ မဟုတ်ရင်ရှောင်မလား။ ဒါက သဘာဝနည်းပေါ့။

အဲဒီတော့ တစ်ခါ အီစတိုဂျင်နှင့် မတည့်တဲ့ ရောဂါဖြစ်ထားတဲ့လူတွေ၊ ရင်သားကင်ဆာဖြစ်ထားတဲ့လူတွေ၊ သားအိမ်ကင်ဆာဖြစ်ထားတဲ့ လူတွေဆိုရင် ပရိုဂျက်စတိုဂျင် တစ်မျိုးတည်းပါတဲ့ဟာ သုံးသင့်တယ်။ ပရိုဂျက်စတိုဂျင် တစ်မျိုးတည်းပါတဲ့ ဟာသည် ရာသီပုံမှန်လာလေ့မရှိဘူး။ တစ်ခါတလေကျရင် သွေးကမောက်ကမ ဖြစ်တတ်တယ်။

ပရိုဂျက်စတိုဂျင် တစ်မျိုးတည်း ပါတဲ့ဟာနဲ့ အီစတိုဂျင်နဲ့ ပရိုဂျက်စတိုဂျင် နှစ်မျိုးပါတဲ့ဟာမှာ အီစတိုဂျင်နဲ့ ပရိုဂျက်စတိုဂျင် နှစ်မျိုးပါတဲ့ဟာသည် ရာသီကို တစ်လတစ်ခါ မှန်မှန်လာတယ်။ ဆေးနှစ်မျိုးစလုံးဟာ သူသောက်ရမယ့်နေ့မှာ ပုံမှန်သောက်ရမယ်။ မေ့လို့မရဘူး။ မေ့လို့မရဘူးလို့ပဲ အကြမ်းအားဖြင့် ဆရာဝန်တွေက မှာတယ်။ မေ့ရင် ဘာတွေလုပ်ရမလဲဆိုတာတော့ ဆရာဝန်တွေက ညွှန်ကြားလေ့ ရှိတယ်။ ဒါပေမဲ့ မမေ့ရဘူး။ မမေ့ဘဲနှင့် ပုံမှန်သောက်နိုင်ရင် ကောင်းတယ်။ မေ့သွားရင် ဘာလုပ်ရမလဲဆိုတာကိုတော့ သောက်တဲ့ဆေးပေါ်မှာ မူတည်ပြီးတော့ ဆရာဝန်တွေက သတ်သတ်မှာတယ်။

အဲဒါမှ မဟုတ်ဘူး၊ ကျွန်မ ဘယ်ဟော်မုန်းမှလည်း မသောက်ချင်ဘူး။ ကျွန်မတို့နှစ်ယောက် ကွန်ဒုံးပဲ သုံးချင်တယ်ဆိုလည်း ရတယ်။ ဒါတွေသုံးတဲ့အခါမှာ တစ်ခါတလေကျရင် ဒါတွေ သုံးဖို့မေ့သွားတတ်ကြတယ်။ မေ့သွားတဲ့အခါမှာ ပုံမှန်သန္ဓေတားဆေးကို မသုံးဘဲ ဆက်ဆံမိကြတယ်ဆိုရင် အရေးပေါ် သန္ဓေတားဆေးကို သုံးကြတယ်။ *အရေးပေါ်သန္ဓေတားဆေးသည် ပုံမှန်အသုံးပြုရမယ့် သန္ဓေတားဆေးမဟုတ်ဘူး။ သူ့ကိုအားကိုးပြီးတော့ သန္ဓေတားလို့မရဘူး။ အရေးပေါ် သန္ဓေတားဆေးသည် ပုံမှန် သန္ဓေတားဆေး သောက်ဖို့ မေ့သွားတဲ့အခါ၊ ကွန်ဒုံးပေါက်သွားတဲ့အခါ အဲဒီလို အခါမျိုးတွေမှာ သုံးတာပါ။*

**ကလေးမရသေးတဲ့၊ ကလေးမယူချင်သေးတဲ့ ဇနီးမောင်နှံတွေအတွက်ကျတော့ ဘယ်လိုသန္ဓေတားဆေးမျိုးကိုသုံးသင့်ပါသလဲ။ သန္ဓေတားဆေးကို ရေရှည် သုံးစွဲနေသူတွေမှာရော ဘာရောဂါတွေ ဖြစ်လာနိုင်ပါသလဲ။**

ကြိုက်တာ သုံးလို့ရတယ်။ကလေးမလိုချင်ရင်တော့ သောက်ရမှာပဲ။ မသောက်ချင်ရင်တော့ ကလေးယူရမှာပဲ။ အချို့ဆို သန္ဓေတားဆေးသုံးရင်း ကလေးရလာတာတို့ ဘာတို့တော့ရှိတယ်။ စာတွေ့အရ ရောဂါတွေ ဘာတွေ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ယေဘုယျအားဖြင့် သောက်တဲ့အခါ ဆရာဝန်နှင့် တိုင်ပင်ပြီး သောက်သင့်ပါတယ်။

ဥပမာအားဖြင့် သွေးခဲတဲ့ရောဂါတို့၊ လေဖြတ်ဖူးတဲ့လူတွေ သွေးခဲတတ်တဲ့ရောဂါ ရှိတဲ့လူတွေဆိုရင်တော့ အီစတိုဂျင်ပါတဲ့ သန္ဓေတားဆေးကို မသောက်သင့်ဘူး။ နောက်ပြီးတော့ စီးကရက်အများကြီးသောက်တဲ့ လူတွေဆိုရင် မသောက်သင့်ဘူး။ ပုံမှန်အားဖြင့်တော့ အဲဒီလို ရောဂါတစ်ခုခုရှိရင်တော့ သားဖွားမီးယပ်ပါရဂူတို့ ကျွမ်းကျင်တဲ့လူနဲ့ ပြသပြီးမှသုံးသင့်တယ်။

**သန္ဓေတားဆေးတွေ အလွယ်တကူရလာတဲ့အခါမှာ လက်မထပ်ရသေးဘဲ အတူနေတဲ့ စုံတွဲတွေ တလွဲသုံးစွဲလာကြတာ တွေ့ရတယ်။ အဲဒီအပေါ် ဆရာ့အမြင်လေး သိပါရစေ။**

သန္ဓေတားဆေး သုံးချင်တယ်ဆိုရင်တော့ ကျွမ်းကျင် ပညာရှင်နဲ့ ပြပြီး သုံးနိုင်တယ်။ လက်ထပ်တယ်၊ မထပ်ဘူး ဆိုတာက ကိုယ့်ရဲ့ ပြဿနာ ဖြစ်တယ်။ နောက်ပိုင်းကျတော့ လူတစ်ဦးတစ်ယောက်ရဲ့ လွတ်လပ်ခွင့် လို့ဝှက်ချက်နှင့်ပတ်သက်ပြီး စဉ်းစားလာမယ်ဆိုရင်တော့ လက်ထပ်ထားလား၊ မထားဘူးလားဆိုတာကို ဆရာဝန်တွေက မေးခွင့် ရှိ မရှိဆိုတဲ့ အချိန်တစ်ခုကို ရောက်လာတယ်။ လက်မထပ်ရင် သုံးလို့မရဘူးလားဆိုတော့ ကောင်းတဲ့ဘက်က တွေးမယ်ဆိုရင်တော့ လက်ထပ်မထားရင် ပိုသုံးသင့်တာပေါ့။

■

မြတ် စု ငြိမ်း မေး မြန်း သည်

## အသည်းရောင်စီပိုးကို ငွေကုန်သက်သာစွာဖြင့် ကုနိုင်မည့် ကုထုံးသစ်လာပြီ

မြတ်ရုငြိမ်း

ရန်ကုန်၊ မေ ၂၂

အသည်းရောင်ရောဂါစီပိုးကို အချိန်နှင့်ငွေ သက်သာစွာဖြင့် ကုသနိုင်မည့် ရောဂါကုထုံး ယခုလအတွင်းထွက်ရှိမည်ဟု အသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်ပြုံးကြည်က ဆိုသည်။

"ကုထုံးကတော့ ကိုယ့်ရဲ့တိုင်းပြည်အခြေအနေပေါ်မူတည်ပြီး ဆွဲနိုင်းတာဆိုတော့ ပြည်တွင်းမှာပဲ ဆွဲမယ်။ ရန်ကုန်မှာ ဆွဲမယ်။ နေပြည်တော်သွားပြီးလည်း ဆွဲမယ်" ဟု ၎င်းကဆိုသည်။

အဆိုပါကုထုံးရေးဆွဲရာတွင် မြန်မာဆရာဝန်များသာမက ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO)နှင့် အမေရိကန်မှ ဆရာဝန်များလည်း ပါဝင်မည်ဟု သိရသည်။

အသည်းရောင်ရောဂါစီပိုးသည် လူ၏ခန္ဓာကိုယ်မှထွက်သော သွေးနှင့် ကိုယ်တွင်းအရည်တို့မှ တစ်ဆင့်ကူးစက်သည်။ ကူးစက်ခံရပြီးနှစ်နှင့် ချီကြာ၍အသည်းရောင်မှသာ ရောဂါလက္ခဏာ ပြလေ့ရှိသည်။

အသည်းရောင်ရောဂါ စီပိုး ကူးစက်ခံရပါက အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ကို ဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ တစ်ရာလျှင် နှစ်ယောက်မှာ စီပိုးဖြစ်ပွားနေပြီး တစ်နိုင်ငံလုံးတွင်အသည်းရောင်စီပိုးရှိသူ တစ်သန်းကျော်ရှိကြောင်း ခန့်မှန်းထားသည်။

လက်ရှိတွင် အသည်းရောင်ရောဂါ စီကုသရာ၌ သောက်ဆေးနှင့် ထိုးဆေးနှစ်မျိုးလုံးသုံးစွဲရပြီး ဈေးနှုန်းကြီးမြင့်ခြင်း၊ ကုသရာတွင်အချိန် တိကျမှုနှင့် အချိန်ယူကုသရခြင်းနှင့် ဘေးထွက်ဆိုးကျိုးများကြောင်း သိရသည်။

အသစ်ထွက်ရှိလာသောဆေးမှာ သောက်ဆေးဖြစ်ပြီး အဆိုပါ သောက်ဆေးကို သုံးလသောက်ရုံဖြင့် ရောဂါပျောက်ကင်းနိုင်ကြောင်း၊ ဘေးထွက်ဆိုးကျိုးနည်းပါးကြောင်း ပါမောက္ခ ဒေါ်ခင်ပြုံးကြည်က ဆိုသည်။

"အခု အသစ်ထွက်လာတဲ့ဆေးက အသည်းခြောက်တာ ရောင်တာမဖြစ်သေးဘူး။ စီပိုးရှိနေတဲ့ ပိုးသယ်ဆောင်သူလည်း သောက်လို့ရတယ်။ သယ်တဲ့လူ သောက်ထားရင် ရောဂါမဖြစ်တော့ဘူး၊ ပျောက်သွားတယ်။ ရောဂါရှိတဲ့ အသည်းရောင်တာတို့ ခြောက်တာတို့ ဖြစ်နေရင်လည်း သောက်လို့ရတယ်။ ကောင်းသွားတယ်။ ဒါပေမဲ့ ကင်ဆာဖြစ်ရင်တော့ မရဘူး"ဟု ၎င်းက ဆိုသည်။

အဆိုပါ ဆေးသစ်ကို အမေရိကန်၊ အင်္ဂလန်၊ ဥရောပနိုင်ငံများနှင့် ဂျပန်နှင့် ဖိလစ်ပိုင်တို့တွင် ထုတ်လုပ်သုံးစွဲနေကြပြီဖြစ်သည်။ ၎င်းအပြင် အဆိုပါဆေးကို မြန်မာနိုင်ငံအပါအဝင် ဆင်းရဲသည့်နိုင်ငံများကို ဈေးသက်သက်သာသာဖြင့် ရောင်းချပေးမည်ဟု သိရသည် ။

"အမျိုးသား အသည်းရောင်ရောဂါ စီမံကိန်း စလုပ်တာနဲ့ လျှော့ပေးမယ်။ ဒီမှာတော့ တစ်ယောက်ကို သုံးလစာအတွက်ကို ကျပ်ကိုးသိန်းလောက် ပေးရမယ်။ ဒီထက် ထပ်လျှော့ပေးဖို့ရှိတယ်။ နောက်ပိုင်းမှာ ငါးသိန်းလောက်နဲ့လည်း ရနိုင်တယ်" ဟု ပါမောက္ခ ဒေါ်ခင်ပြုံးကြည်က ဆိုသည်။

အမျိုးသားအသည်းရောင်စီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအဖြစ် ပီပီပြင်ပြင် အကောင်အထည်ပေါ်လာစေရန်အတွက် ပြည်တွင်း၌ အသည်းရောင်ရောဂါစီပိုးရှိသူ အရေအတွက်ကို စာရင်းကောက်ခံရမည် ဖြစ်သည်။ ယင်းသို့ စာရင်းကောက်ခံရန် အချိန်လေးလခန့် ယူရမည်ဖြစ်ပြီး စာရင်းပြီးပါက စရိတ်အကြမ်းတွက်ချက်ရမည်ဖြစ်သည်။ ယင်းသို့တွက်ချက်မှုများ ပြုလုပ်တင်ပြပြီးပါက ယခုနှစ်အတွင်း ဆေးရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

www.free4reader.com



# လှေစီးလူသား (သို့မဟုတ်) ဥရောပနှင့် အရှေ့တောင်အာရှအတွက် ခေါင်းခဲစရာ ကိစ္စတစ်ခု

ကျော်ရဲလင်း

ဥရောပ၏ မြေထဲပင်လယ်နှင့် အရှေ့တောင်အာရှ၏ ကပ္ပလီပင်လယ်ပြင်တို့ကို အသက်နှင့်ရင်းကာ ဖြတ်ကျော် ထွက်ပြေးနေကြသည့် လှေစီးလူသား တွေကြား မိုင်ပေါင်းများစွာ ဝေးကွာပြီး ပင်လယ်ပြင်ကြီး ခြားနေလင့်ကစား တူညီသော အကြောင်းရင်းခံတို့ ရှိနေပါသည်။

ပင်လယ်ပြင်ကို ဖြတ်ကျော်ဖို့ မသင့်သည့် လှေပေါ်တွင် ပြွတ်သိပ်ကျပ်ညပ်စွာ လိုက်ပါရင်း နေရပ်ကို စွန့်ခွာထွက်ပြေးရန် အဓိကတွန်းအားပေးနေသော အရာများမှာ ပဋိပက္ခများ၊ ခွဲခြားဆက်ဆံမှုနှင့် ဆင်းရဲမွဲတေမှုတို့ပင် ဖြစ်သည်။

ၪင်းတို့အတွက် မည်သူက အရေးတယူရှိပါသနည်း။ နိုင်ငံတကာ ခေါင်းဆောင်များကလှေစီးဒုက္ခသည် ကိစ္စအားအရေးစိုက်ရန် ဆောင်းဆိုနေကြသော်လည်း ၪင်းတို့ကို စိတ်ချလုံခြုံစွာနေနိုင်မည့် နေရာတစ်ခု ဖန်တီးပေးရန် မည်သူကမျှ စိတ်ဝင်စားဟန်မပြဘဲ ဒေသတွင်း နိုင်ငံများကိုသာ အပြစ်တင်ပုံချနေဆဲဖြစ်သည်။

ထိုလှေစီး ဒုက္ခသည်များက မူနားခိုရာ နေရာတစ်နေရာ အတွက် ပင်လယ်ပြင်ကို အသက်နှင့်ရင်း၍ စွန့်စားဖြတ်ကျော်နေကြရဆဲ ဖြစ်ပါသည်။

"လှေပေါ်ကနေ လက်တွေဝှေ့ရမ်းပြီးအကူ အညီတောင်းနေတာ၊ အော်ဟစ်ငိုယိုနေတာကိုတွေ့တော့ ကျွန်တော်မျက်ရည် မထိန်းနိုင်တော့ဘူး" ဟု အင်ဒိုနီးရှားကမ်းခြေသို့ ဆိုက်ရောက်လာသော လှေစီးဒုက္ခသည် ၄၃၀ ကို ကယ်ဆယ်ရေးလုပ်ဆောင်ရာတွင်ပါဝင်ခဲ့သော တံငါသည် RazaliPuteh ကပြောသည်။

"သူတို့ကို ဒီအတိုင်းသေသွားတာကို ကျွန်တော် လက်ပိုက်ကြည့်မနေနိုင်ဘူး။ ဘာလို့လဲဆိုတော့ သူတို့က ကျွန်တော့်လိုပဲ လူသားတွေပဲလေ" ဟုသူကဆိုသည်။

ပင်လယ်ပြင်တွင် အစာရေစာပြတ်လပ်မှုကြောင့် လှေစီးဒုက္ခသည်ရာနှင့်ချီ သေဆုံးခဲ့ရသည့်သတင်းများအဆက်မပြတ်ပေါ်ထွက်လာပြီးနောက်တွင်တော့ ဥရောပနှင့် အာရှအစိုးရတို့သည် အရေးပေါ်တွေ့ဆုံမှုများ ပြုလုပ်ပြီး ပြဿနာကို ရေတိုနည်းဖြင့် ဖြေရှင်းရန်ကြိုးစားနေကြသည်။

မည်သို့ပင် ကြိုးစားကြစေကာမူ ဤလှေစီးဒုက္ခသည်တို့နှင့် ဆက်စပ်သော မေးခွန်းများစွာကျန်နေပါသေးသည်။

ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ရရန် လိုအပ်သော အချက်အလက်များနှင့် ပြည့်စုံသော လှေစီးလူသားတို့ကိုမည်သည့် နိုင်ငံက ခိုလှုံခွင့်ပေးမည်နည်း။ ရေမြေသစ်တွင် ပိုမိုကောင်းမွန်သောဘဝ တည်ဆောက်ရန်အတွက် နေရပ်စွန့်ခွာလာသူ လှေစီးလူသားတို့ကိုမည်သို့မည်ပုံနေရပ်ပြန်ပို့လျှင် အကောင်းဆုံးဖြစ်မည်နည်း။

ဥရောပ တောင်ပိုင်းကမ်းရိုးတမ်းနှင့် အရှေ့တောင်အာရှနိုင်ငံများသည် ဖြေဆိုရခက်သော ယင်းမေးခွန်းများကို ရင်ဆိုင်ရသည်ခြင်းတူညီနေပါသည်။

ထို့ကြောင့် ဒေသနှစ်ခုက လှေစီးလူသားအရေး မည်သို့ လုပ်ဆောင်နေကြသည်ကို နှိုင်းယှဉ်ကြည့်မိပါသည်။

### အဘယ့်ကြောင့် သူတို့ နေရပ်စွန့်ခွာရသနည်း

အရှေ့တောင်အာရှ၏ လှေစီးရွှေ့ပြောင်းဒုက္ခသည် အများစုသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်နယ်စပ်မှဘင်္ဂါလီများဖြစ်ပြီး အချို့မှာဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဖြစ်သည်ဟု နိုင်ငံတကာ မီဒီယာများက သုံးသပ်ထားကြသည်။ ခွဲခြားဆက်ဆံခံရမှုများနှင့် ဖိနှိပ်မှုများကြောင့် ထွက်ပြေးလာကြသော ဘင်္ဂါလီများသည် နိုင်ငံတကာ ဥပဒေအရ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ရနိုင်ခြေများသည်။ ထို့ကြောင့်ပင် ဘင်္ဂလားဒေ့ရှ်မှ ထွက်ပြေးလာသူများကလည်း ၪင်းတို့သည် ဘင်္ဂါလီများဖြစ်သည်ဟု ဆိုကြသည်။

လွန်ခဲ့သည့် ရက်သတ္တ ၃ ပတ်ကျော်အတွင်းအင်ဒိုနီးရှားနှင့် မလေးရှားကမ်းခြေသို့ ဆိုက်ရောက်လာသော လှေစီးလူသားအရေအတွက်မှာ ၃ ထောင်ကျော်သွားပြီဖြစ်သည်။ ထို့အတူလူသားချင်းစာနာမှု အထောက်အကူပေးရေးအဖွဲ့များ၏ အဆိုအရလှေစီးလူသား ထောင်ပေါင်းများစွာသည် ပင်လယ်ပြင်အတွင်းအတိဒုက္ခရောက်နေကြရဆဲဖြစ်ကြောင်းသိရသည်။

ဥရောပသို့ ရောက်ရှိရန် ပင်လယ်ဖြတ်သန်းလာသော လှေစီး လူသားများမှာအဓိက အားဖြင့် ဆီးရီးယား၊ အာဖဂန်နှင့် ဆိုမာလီနိုင်ငံတို့မှ ဖြစ်ကြသည်။ ဆင်းရဲမွဲတေမှု၊ စစ်ပွဲများနှင့် အင်အားသုံးနှင်ထုတ် ခံရမှုတို့ကြောင့် မူလနေရပ်တွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သောကြောင့် ထွက်ပြေးလာသူ ၈ ထောင်ကျော်သည် ယခု နှစ်အတွင်းတွင်ပင် ဥရောပတောင်ပိုင်း ကမ်းခြေနိုင်ငံများထံသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

### ပိုကောင်းသည့် အနာဂတ်ကို မျှော်နေကြသည့် လူကုန်ကူး သားကောင်များ

အရှေ့တောင်အာရှ၏ လှေစီးလူသားများကို လူမှောင်ခိုများက အခကြေးငွေ ရယူပြီး ပင်လယ်ခရီးသွားရန် မသင့်တော်သော စက်လှေများဖြင့် ကပ္ပလီပင်လယ်ပြင်ကိုဖြတ်ကာ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှား နိုင်ငံများသို့ ပို့ဆောင်ပေးနေ လျက်ရှိပြီး ဥရောပတွင်တော့ မြေထဲပင်လယ်ကို ဖြတ်လာသော လှေစီးလူသားများက အီတလီ၊ ဂရိနှင့် မော်လ်တာ နိုင်ငံတို့သို့ ရောက်ရှိရန်အဓိကထားကြသည်။ ၪင်းတို့ကိုလည်း လူမှောင်ခိုများက အခကြေးငွေဖြင့် ပို့ဆောင်ကြခြင်းဖြစ်ပြီး တူရကီမှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် ဘူလ်ဂေးရီးယားနှင့် ဂရိသို့ ဝင်ရောက်ကြသည်။

နိုင်ငံတကာသတင်းများအရ ရခိုင်ပြည်နယ် နယ်စပ်မှ ထောင်ပေါင်းများစွာသော ဘင်္ဂါလီမွတ်ဆလင်များကို လူမှောင်ခိုများက အခကြေးငွေရယူပြီး တိုင်းတစ်ပါးသို့ ပို့ဆောင်ပေးနေသည်။ နိုင်ငံတကာ ရေပိုင်နက်အတွင်းရှိ စက်လှေတစ်စီးစီးပေါ်သို့လည်းကောင်း၊ အနီးစပ်ဆုံးထိုင်းနိုင်ငံတောတွင်း စခန်းတစ်နေရာရာသို့လည်းကောင်း ပို့ဆောင်ရန် လူမှောင်ခိုများက ၪင်းတို့ထံမှ တစ်ဦးလျှင် အမေရိကန်ဒေါ်လာတစ်ထောင်ထက်မနည်း ရရှိနေကြသည်ဟု ဆိုကြသည်။

သို့ရာတွင် မြန်မာအစိုးရကတော့ လှေစီးလူသားအများစုမှာ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘင်္ဂါလီများဖြစ်ပြီး ကမ်းကပ်နိုင်ငံများတွင် ခိုလှုံခွင့် အလွယ်တကူရစေရန်အတွက် ဖိနှိပ်မှုကြောင့် ရခိုင်ပြည်နယ်မှ ထွက်ပြေးလာရဟန် ဆောင်နေကြခြင်းဖြစ် ကြောင်းဆိုထားသည်။

> လှေစီးလူသားအများစုမှာ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘင်္ဂါလီများဖြစ်ပြီး ကမ်းကပ်နိုင်ငံများတွင် ခိုလှုံခွင့် အလွယ်တကူရစေရန်အတွက် ဖိနှိပ်မှုကြောင့် ရခိုင်ပြည်နယ်မှ ထွက်ပြေးလာရ ဟန်ဆောင် နေကြခြင်း ဖြစ်ကြောင်း...



ဒေသတွင်းနိုင်ငံ များအကြား လူကုန်ကူးတားဆီးရေး အရှိန်မြှင့်ဆောင်ရွက်မှုကြောင့် လူမှောင်ခိုများက ၪင်းတို့ကို ပင်လယ်ပြင်တွင် စွန့်ပစ်ခဲ့ပြီး လက်လွှတ်ထွက်ပြေးသွားတတ်ကြသည်။ ထို့ကြောင့် လှေစီးလူသားအများအပြားပင်လယ်ပြင်အတွင်း စွန့်ပစ်ခံသင်္ဘောပေါ်တွင် သေဆုံးခဲ့ကြရသည်။

ဥရောပ၏ မြေထဲပင်လယ်တစ်ဝိုက် ရာဇဝတ်မှုတိုက်ဖျက်ရေးကွန်ရက်မှ ကမ်းခြေစောင့်တပ်များကို ပြတ်သားစွာလုပ်ကိုင်ခွင့်ပေးထားသည်။ ဥရောပသမဂ္ဂက အဆိုပါ လူကုန်ကူးပုံစံကိုတိုက်ဖျက်ရန် စစ်ဆင်ရေး တစ်ရပ်ကိုခွင့်ပြုလိုက်သည်။ လူမှောင်ခိုလှေများကို ပစ်ခတ်နှစ်မြှုပ်ရန် ဖြစ်သည်။

ယင်းအစီအစဉ်သည် သက်ရောက်မှု အနည်းငယ် ရှိလာနိုင်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

### လှေစီးလူသားတွေအတွက် ရေရှည် အဖြေမရှိသေး

လှေစီးလူသားတို့အားပင်လယ်ပြင်တွင် ရှာဖွေကယ်ဆယ်ရေးကို အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများက လုပ်ဆောင်ရန် လက်နှေးနေကြသော်လည်း ယခုမူနိုင်ငံတကာဖိအားကြောင့် လုပ်ဆောင်လာကြပြီ ဖြစ်သည်။

မလေးရှားနှင့် အင်ဒိုနီးရှားတို့ကလှေစီးလူသားများအတွက် ယာယီခိုလှုံခွင့်ကို တစ်နှစ်အထိခွင့်ပြုထားပြီး ဩစတြေးလျက မူမည်သည့် လှေစီးလူသားကိုမျှ ဒုက္ခသည်အဖြစ် ခိုလှုံခွင့် ပေးမည်မဟုတ်ဟု ယတိပြတ် ကြေညာထားသည်။

ဥရောပသမဂ္ဂ၏ နယ်စပ်စောင့်တပ်ဖွဲ့က မြေထဲပင်လယ်တွင် ကင်းလှည့်ရင်း လှေစီးလူသားများကို ကယ်ဆယ်လျက် ရှိသည်။ အထူးသဖြင့် လစ်ဗျားကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်သည်။

သို့ရာတွင် အီးယူတွင်လည်း လှေစီးလူသားများအတွက် အမှန်တကယ် အဖြေမရှိသေး၊ ပြီးခဲ့သည့်လအတွင်းက မြေထဲပင်လယ်ထဲတွင် လှေစီးလူသားတစ်ထောင်ထက် မနည်းသေဆုံးခဲ့ရသည်နှင့် ပတ်သက်ပြီး ဥရောပနိုင်ငံ့ခေါင်းဆောင်များ ဧပြီလနှောင်းပိုင်းက အရေးပေါ်တွေ့ဆုံစုဝေးခဲ့ကြ ရသည်။ လက်ရှိထက်ကင်းလှည့်ယာဉ်များနှင့်အရေးပေါ်အထောက်အကူပစ္စည်းများ ပိုမိုအသုံးပြုရန်ဆုံးဖြတ်ခဲ့ကြသည်။

ထို့အပြင် လှေစီးလူသားအချို့ကို ခိုလှုံခွင့်ပေးရန်၊ ထိုသူတို့ကိုမည်သို့ ခွဲတမ်းအလိုက် နေရာချမည်စသော ရေရှည်အစီအစဉ်တစ်ရပ်ကိုလည်း ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် အီးယူအဖွဲ့ဝင် နိုင်ငံများကြားယင်းအစီအစဉ်သည် မစတင်မီမှာပင် ဝေဖန်မှုများနှင့် ကြုံနေရပြီးအတည်ပြုနိုင်ဖွယ်မရှိပေ။

AP သတင်းဌာန၏ The Boat People Crisis in Europe and Asiaxa Comparison ကို မှီငြမ်းပါသည်။

■

www.free4reader.com

# မိုဘိုင်းဖုန်း၊ တာဝါတိုင်များနှင့် ကျန်းမာရေး

ကိုသာပို



မြန်မာနိုင်ငံရဲ့ မိုဘိုင်းဆက်သွယ်ရေး အပြောင်းအလဲကာလမှာ တယ်လီဖုန်းတာဝါတွေ တပ်ဆင်တည်ဆောက်ကြတဲ့ အလုပ်ကလည်း တိုးတက်များပြားလာပါတယ်။ အသစ်ဝင်ရောက်လာမယ့် ကုမ္ပဏီတွေအနေနဲ့ ရန်ကုန်နဲ့ မန္တလေးလို သုံးစွဲသူများပြားမယ့်ဒေသတွေကို အဓိကထားပြီး သူတို့ရဲ့ ကွန်ရက်ဖြစ်တဲ့ တာဝါတိုင်တွေကို တိုးချဲ့ကြရပါတယ်။ ကျေးလက်ဒေသတွေမှာတော့ တာဝါတိုင်အသစ်စိုက်ထူဖို့အရေး မြေနေရာအတွက် သိပ်မပူရပေမယ့် အိမ်ခြံမြေဈေးကွက် သိပ်ကြီးမားတဲ့ ရန်ကုန်၊ မန္တလေးလိုနေရာတွေမှာတော့ တာဝါတိုင်နေရာအတွက် အခက်အခဲဖြစ်ကြရပါတယ်။ လူနေထူထပ်တဲ့ နေရာတွေမှာ ခပ်မြင့်မြင့် အဆောက်အအုံတွေရဲ့ အပေါ်ထပ်တွေမှာ တာဝါတိုင်တွေတည်ဆောက်ကြရပါတယ်။ ဖုန်းနှစ်လုံးအကြား ကြက်ဥထားပြီး ဖုန်းခေါ်ခဲ့ရင် ကြက်ဥပြုတ်ရတယ်လို့ ပြောကြတဲ့ အပြောတွေကို ကိုယ်တိုင် ခပ်လွယ်လွယ် စမ်းသပ်ကြည့်ပြီး ဟုတ်မဟုတ် စိစစ်နိုင်ပေမယ့် သူများအပြောမှာ အလွယ်တကူ ယုံတတ်ကြတဲ့သူတွေရှိတဲ့ နိုင်ငံတစ်ခုမှာ မိုဘိုင်းဖုန်း အခြေပြု တာဝါတွေကြောင့် ကျန်းမာရေး ထိခိုက်မလားလို့ စိုးရိမ်ကြောင့်ကြသူတွေများကြတာ သဘာဝပါပဲ။

မြန်မာနိုင်ငံလို စည်းမျဉ်း စည်းကမ်းတွေ အသစ်စီစဉ်နေရတဲ့ အခြေအနေမျိုးမှာ ပြည်သူတွေအနေနဲ့ အသက်ဉာဏ်စောင့်ဆိုပြီးတော့ကာ သတိကြီးကြီးထား၊ အရာရာကို သံသယထားပြီးတော့ စိစစ်စစ်ဆေးတာမမှားဘူးတော့ ပြောလို့ရပါတယ်။ တယ်လီဖုန်းတွေ တာဝါတိုင်တွေနဲ့ လူတွေရဲ့ ကျန်းမာရေးပတ်သက်မှု အကြောင်းပြောရမယ်ဆိုရင် တယ်လီဖုန်းတွေ၊ တာဝါတိုင်တွေရဲ့ သဘောတရား၊ ဆက်သွယ်ချိတ်ဆက်မှု သဘောတရားတွေနဲ့ တယ်လီဖုန်းတွေက ထုတ်လွှင့်တတ်တဲ့ မမြင်နိုင်တဲ့ လှိုင်းတွေအကြောင်း ကောင်းကျိုး ဆိုးကျိုးနဲ့ လူတွေရဲ့ အသုံးပြုကြတဲ့ အလေ့အထတွေ၊ သူတို့နဲ့ ဆက်နွယ်နေနိုင်တဲ့ အကြောင်းအရာတွေ၊ သိပ္ပံပညာရပ်ဆိုင်ရာ လက်တွေ့ စမ်းသပ်ချက်တွေကို ထောင့်ပေါင်းစုံကနေ သုံးသပ်ကောက်ချက်ချမှရပါမယ်။

## ဆယ်လူလာမိုဘိုင်းဖုန်းစနစ်ဆိုတာ

မိုဘိုင်းဆက်သွယ်ရေး စနစ်တစ်ခုမှာ ကွန်ရက်လို့ခေါ်တဲ့ မြေမျက်နှာသွင်ပြင် အပိုင်းအခြားအလိုက် ခွဲဝေကန့်သတ်ထားပါတယ်။ ဒီတာဝါတိုင်တွေဟာ သူတို့နဲ့ ဆက်သွယ်မယ့် မိုဘိုင်းဖုန်းတွေ တစ်နေရာကနေ တစ်နေရာကို ရွှေ့ပြောင်းသယ်ဆောင်သွားတဲ့အခါမှာ အချိတ်အဆက်ဖြစ်နေအောင် တစ်ခုနဲ့တစ်ခု သတ်မှတ်ခွင့်ပြုနိုင်တဲ့ အကွာအဝေးတိုင်းမယ် ရှိနေသင့်ပါတယ်။ ဖုန်းကို ပါဝါဖွင့်လိုက်တာနဲ့ သူနဲ့နီးစပ်ရာ တာဝါတိုင်နဲ့ အပြန်အလှန် ရေဒီယိုလှိုင်းနဲ့ ဆက်သွယ်မှု လုပ်ကြပါတယ်။ တာဝါတိုင်နဲ့ အနီးအဝေးကို လိုက်ပြီးတော့ လိုင်းမိတဲ့ ပမာဏကွာခြားတတ်ပါတယ်။ တစ်တုံးပဲမိတယ်။ လေးတုံးလုံးမိတယ်ဆိုတာတွေဟာ တာဝါတိုင်နဲ့ ကိုယ့်ဖုန်းနဲ့ ဆက်သွယ်နိုင်တဲ့လှိုင်းပမာဏကို ပြောတာပါ။ လူနေထူထပ်တာ၊ အဆောက်အအုံတွေ သစ်ပင်တွေကွယ်နေတာ၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုလှိုင်းတွေရဲ့ အနှောင့်အယှက်တွေကြောင့် တာဝါတိုင်နဲ့ မိမိနေရာ အကွာအဝေးနီးနေပေမယ့်လည်း လိုင်းမိတာ၊ မမိတာတွေ ဖြစ်လေ့ရှိပါတယ်။ ဒီအခါမှာ မိုဘိုင်းဖုန်းရော တာဝါတိုင်ကရောပါ ပိုမိုအားကောင်းတဲ့ ရေဒီယိုလှိုင်းတွေ ထုတ်လွှင့်ရလေ့ရှိပါတယ်။ ဖုန်းတွေမှာဆိုရင် လိုင်းမမိလေလေ အားအကုန်လွယ်လေ ဖြစ်တတ်ပါတယ်။

ဖုန်းတာဝါတိုင် နှစ်ခုကြားမှာ ရောက်နေတယ်ဆိုရင် ပိုပြီးတော့ လိုင်းအားကောင်းတဲ့ တာဝါတိုင်နဲ့ ချိတ်ဆက်စေဖို့ ဖန်တီးထားရပါတယ်။ တာဝါတိုင်တစ်ခုနဲ့ တစ်ခုကြား မိုဘိုင်းဖုန်း ရွှေ့လျားသွားတဲ့အခါ မူလဆက်သွယ်နေတုန်း အကူးအပြောင်းမယ် ပြတ်တောက်မှုမရှိတဲ့ စနစ်တစ်ခုဖြစ်အောင် စီမံထားရပါတယ်။ ဒီလိုဖြစ်ဖို့အတွက် တာဝါတိုင်တွေရဲ့ အကျုံးဝင်မှု ဧရိယာ (coverage area) အချင်းချင်း ထပ်မိနေအောင် ထိစပ်နေအောင် လုပ်ထားရပါတယ်။ အကွာအဝေး အနီးအဝေးနဲ့သာ သက်ဆိုင်တယ်မဟုတ်ဘဲနဲ့ မြေမျက်နှာသွင်ပြင် အနေအထားနဲ့လည်း အများကြီး ဆိုင်ပါတယ်။

## မိုဘိုင်းဖုန်းနဲ့ တာဝါတိုင်ကနေ ဘာတွေ ထုတ်လွှင့်သလဲ

တယ်လီဖုန်းတစ်ခု ပါဝါဖွင့်ပြီးတာနဲ့ တာဝါတိုင်နဲ့ အပြန်ပြန်အလှန်လှန် ရေဒီယိုလှိုင်းတွေ ထုတ်လွှင့်ဆက်သွယ်ပြီး အသင့်အနေအထားဖြစ်နေရပါတယ်။ ဖုန်းဆက်သွယ်ခေါ်ဆိုမှု မပြုခင်စပ်ကြားမှာ တယ်လီဖုန်းရဲ့ ပါဝါအသုံးပြုမှု၊ ရေဒီယိုလှိုင်းထုတ်လွှင့် မှုကို အနည်းဆုံးဖြစ်အောင် လျှော့ချထားပြီးတော့ ဖုန်းခေါ်ဆိုမှု ပြုလုပ်တော့မှ ရေဒီယိုလှိုင်းထုတ်လွှင့်မှုကို တိုးလိုက်တာဖြစ်ပါတယ်။ ဒီတော့မှပဲ တယ်လီဖုန်းရဲ့ ဘက်ထရီအား သက်တမ်းကြာမှာ ဖြစ်ပါတယ်။ ဒီလိုထုတ်လွှင့်မှုဟာ ဝ ဒသမ ဝဝ၁ ဝပ်လောက်ပဲ အသုံးပြုပါတယ်။ ဖုန်းခေါ်ဆိုနေစဉ်မှာတော့ ၁ ဝပ်လောက်နီးနီး အသုံးပြုလေ့ရှိကြပါတယ်။ တာဝါတိုင်တွေမှာ အသုံးပြုတဲ့ ပါဝါကတော့ နေရာအနေအထားကို မူတည်ပြီးတော့ အများဆုံး ၁၀၀ ဝပ်လောက် အထိ ရှိတတ်ကြပါတယ်။ ဒီဖုန်းတွေ တာဝါတိုင်တွေက ထုတ်လွှင့်တာတွေက အထက်က ပြောခဲ့သလို ရေဒီယိုလှိုင်းတွေ ဖြစ်ကြပါတယ်။ ရေဒီယိုလှိုင်းဆိုတာက တုန်ခါနှုန်း အမျိုးမျိုးရှိကြတဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေပဲ ဖြစ်ကြပါတယ်။

မိုဘိုင်းဖုန်းနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးထိခိုက်နိုင်တယ်လို့ သံသယရှိကြတာ ယုံမှတ်ကြတာ မြန်မာမှာတင် မကပါဘူး။ တစ်ကမ္ဘာလုံးမှာရှိကြပါတယ်။ အဲဒီအထဲက သိသာတဲ့အချက်ကလေးတွေပါ။ မိုဘိုင်းဖုန်းသုံးကြတဲ့ သူတွေမှာ ဦးနှောက်ကင်ဆာ ဖြစ်နိုင်ခြေများပြီးတော့ များများသုံးလေလေ ကျန်းမာရေးပိုထိခိုက်နိုင်လေလို့ ထင်တတ်ကြပါတယ်။ ဒါပေမဲ့ မိုဘိုင်းဖုန်းသုံးလို့ ကင်ဆာဖြစ်တယ်ဆိုတဲ့ တိကျတဲ့ ဆေးပညာအထောက်အထား ဘယ်မှာမှ မရှိသေးဘူးလို့ သိရပါတယ်။ မိုဘိုင်းဖုန်းတွေက စွမ်းအင်တွေ အများကြီး ထုတ်လွှတ်တာမို့ ဦးနှောက်ကို အနည်းနဲ့ အများထိခိုက်နိုင်တယ်လို့ ထင်တတ်ကြပါတယ်။ ဖုန်းပြောနေတဲ့ အချိန်မှာ အသုံးပြုတဲ့ ပါဝါက ၁ ဝပ်ထက် နည်းပါတယ်။ ဒီစွမ်းအင် ၁ ဝပ်ကြောင့် ဦးနှောက်အတွင်းမှာ ဖုန်းပြောနေတုန်း အပူချိန်အများ ဆုံး ၁ ဒီဂရီခန့် တက်လာနိုင်ပါတယ်။ ဒါဟာ သာမန်အားကစားဖြစ်တဲ့ လမ်းလျှောက်၊ စက်ဘီးစီးတာထက် အပူချိန်တက်တာ နည်းတယ်လို့ ဆိုကြပါတယ်။ မိုဘိုင်းတာဝါတိုင်တွေဟာ လူတွေအတွက် အနီးမှာ မနေသင့်အောင် အန္တရာယ်ကြီးတယ်လို့ ထင်ကြတတ်ပါတယ်။ မိုဘိုင်းတာဝါတွေက ထုတ်လွှင့်လိုက်တဲ့ ရေဒီယိုလှိုင်းတွေရဲ့ စွမ်းအင် ဟာ ၁၀၀၀ ဝပ်ထက် မကျော်ကြပါဘူး။ ပြီးတော့လည်း ရေဒီယိုအသံလွှင့်ဖို့ ထုတ်လိုက်တာတွေထက် နည်းတယ်လို့ ဆိုကြပါတယ်။ (ဒီနေရာမှာ တာဝါတိုင်တွေရဲ့ တည်ဆောက်ရေးဆိုင်ရာ စံချိန်စံညွှန်းတွေကို ပြောမှ၊ လိုက်နာမှ ပြည့်စုံမှာပါ)

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးနဲ့ နိုင်ငံကြီးတချို့ကနေပြီးတော့ ဒီမိုဘိုင်းဖုန်း အသုံးပြုမှုနဲ့ ကျန်းမာရေးဆက်စပ်မှုတွေကို လေ့လာဆန်းစစ် သုတေသနလုပ်နေကြပါတယ်။ သိပ္ပံနည်းပညာအရ အခုအချိန်မှာ တိုက်ရိုက်ဆက်စပ် ကျန်းမာရေး ထိခိုက်တာ မတွေ့သေးဘူးဆိုတာဟာ လုံးဝမထိခိုက်ဘူးလို့ဆိုလိုတာမဟုတ်တာမို့ ဂရုစိုက်ရမယ့် ကိစ္စလေးတွေ၊ လိုက်နာရမယ့် စံချိန်စံညွှန်းတွေတော့ သိဖို့လိုပါသေးတယ်။

Specific Absorption Rate (SAR) ဆိုတာက ရေဒီယိုလှိုင်းတွေရဲ့ စွမ်းအင်ကို လူ့ခန္ဓာကိုယ်ရဲ့ တစ်သျှူးတွေက စုပ်ယူတဲ့ ပမာဏလို့ အကြမ်းပြောလို့ရပါတယ်။ ဘယ်လောက်ပမာဏသော စွမ်းအင်ကို အသားတစ်သျှူး ၁ ကီလိုဂရမ်က စုပ်ယူသလဲဆိုပြီး (Watt per kg)နဲ့ ပြပါတယ်။ စွမ်းအင်များများစုပ်ယူလေလေ ခန္ဓာကိုယ်အပူချိန်တက်လေလေပါပဲ။ ဒီအပူချိန်ကြောင့် ဖုန်းအသုံးပြုရာမှာ အလွန်နီးကပ်တဲ့ ဦးနှောက်ကို အပူတက်စေပြီး ခေါင်းကိုက်တာကို မအီမသာဖြစ်တာလို့ ကျန်းမာရေးပြဿနာတွေရှိနိုင်တယ်လို့ ဆိုကြပါတယ်။

မြန်မာပြည်ကို တင်သွင်းနေကြတဲ့ အိန္ဒိယ၊ ထိုင်းနဲ့ တရုတ်နိုင်ငံက တယ်လီဖုန်းတွေမှာ ဒီလို SAR ပမာဏကို ထိန်းချုပ်စစ်ဆေးတယ်၊ သတ်မှတ်ထားတယ် မကြားဖူးပါဘူး။ ရှိတယ်လို့လည်း မသိရပါဘူး။ ဆိုတော့ကာ ဖုန်းပြောမယ်ဆိုရင် Hand Free လို နားကျပ်လို တပ်ဆင်ပြီး အသုံးပြုတာ အကောင်းဆုံးပဲလို့ ယူဆပါတယ်။ မြန်မာပြည်ရဲ့ဆက်သွယ်ရေး ဥပဒေဆိုတာမှာလည်း ဒီသိပ်အရေးကြီးတဲ့ SAR ပမာဏထိန်းချုပ်သတ်မှတ် စိစစ်ပြီးမှ တင်သွင်းခွင့်ပေးဖို့ ဆောင်ရွက်သင့်လှပါပြီ။

တာဝါတိုင်တွေကို လူနေထူထပ်တဲ့ နေရာတွေမှာ အဆောက်အအုံတွေရဲ့ ခေါင်မိုးတွေမှာ တပ်ဆင်ကြတဲ့အခါ နိုင်ငံကြီးတွေမှာသတ်မှတ်ချက် စည်းကမ်းချက်တွေထားကြပါတယ်။ တာဝါတိုင်တွေနဲ့ တိုက်ခေါင်မိုးမှာ တပ်ဆင်ကြတဲ့ အင်တာနာတွေဟာ ဖြက်ကျဉ်းပြီး ဒေါင်လိုက်အနေအထား ရှိကြတာပါ။ တယ်လီဖုန်းအင်တာနက်ကနေ ထုတ်လွှင့်တဲ့ ရေဒီယိုလှိုင်းတွေဟာ ရှေ့ပြောင်ညီအတိုင်း ထွက်ကြပြီး ဒေါင်လိုက်အနေအထားနဲ့ နည်းပါးပါတယ်။ ဒါကြောင့်မို့ တာဝါတိုင်ရဲ့ အောက်ခြေတည့်တည့်မှာရှိနေတိုင်း Signal ကောင်းကောင်းမိဖို့ မသေချာပါဘူး။ ဒါကြောင့်မို့လို့ တိုက်ခေါင်းမိုးမယ် တပ်ဆင်ထားလို့ ခေါင်မိုးအောက်ကို ရေဒီယိုလှိုင်းတွေရဲ့ သက်ရောက်မှုက အများကြီး ပိုမရှိနိုင်ပါဘူး။ ရေဒီယိုလှိုင်းက ဘေးတိုက်ရှေ့ပြောင်ညီအနေအထားနဲ့ ထုတ်လွှင့်တာမို့ဖြစ်ပါတယ်။ တာဝါတိုင်က အင်တာနက်တွေရဲ့ ပါဝါအသုံးပြုမှုဟာ ၁၀၀ ဝပ်အောက်မှာပဲ ရှိတတ်ကြပါတယ်။ ဒါပေမဲ့ ပိုမို စိတ်ချရအောင် တိုက်ခေါင်မိုးက နေ ၂-၅ မီတာ အမြင့်မှာ တပ်ဆင်သင့်ပါတယ်။ တပ်ဆင်ထားတဲ့ အင်တာနာကနေ ၅ မီတာပတ်လည်ကို ခြံစည်းရိုးကာရံထားပြီး ရေဒီယိုလှိုင်းရှိကြောင်း သတိပေးအမှတ်အသား တပ်ဆင်ထားသင့်ပါတယ်။ တာဝါတိုင်နဲ့ အင်တာနာ ပတ်ဝန်းကျင်ကို တာဝန်ရှိတဲ့သူကလွဲလို့ မဝင်စေအောင် တားမြစ်ထားရပါမယ်။ စစ်တမ်းတွေအရ တာဝါတိုင်ရှိတဲ့ အဆောက်အအုံနဲ့ မိုဘိုင်းတာဝါတိုင်ရှိတဲ့ နေရာက ရေဒီယိုလှိုင်း သက်ရောက်မှုဟာ ဖုန်းကို နားနဲ့ကပ်ပြီး အသုံးပြုတဲ့သူကို သက်ရောက်တာထက် နည်းပါးတယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ တယ်လီဖုန်းက ပြောဆိုနေစဉ်မှာပဲ ရေဒီယိုလှိုင်းထုတ်လွှင့်တာဖြစ်ပြီးတော့ တာဝါတိုင်ကတော့ အမြဲတမ်း ထုတ်လွှင့်နေတာပါ။ ရေဒီယိုလှိုင်း သက်ရောက်မှုပမာဏများတဲ့ ၅ မီတာ ပတ်လည်ကို သေချာကာရံထားပြီး မဝင်ရောက်ဘူးဆိုရင်တော့ အန္တရာယ် ဖြစ်နိုင်ခြေဟာ ဖုန်းကို နားကပ်ပြောတာထက် နည်းပါးတယ်လို့ ယူဆနိုင်ပါတယ်။

အချုပ်ဆိုရသော် မိုဘိုင်းဖုန်းနဲ့ တာဝါတိုင်တွေက ထွက်ပေါ်လာတဲ့ ရေဒီယိုလှိုင်းတွေကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်တယ်။ (ဦးနှောက်ကင်ဆာ၊ ခေါင်းကိုက်တာ) ဆိုတာတွေဟာ အခုလက်ရှိ WHO နဲ့ နိုင်ငံကြီးတချို့ရဲ့ သုတေသနပြုချက်တွေအရ သိသာထင်ရှားတဲ့ ဆက်စပ်မှု အထောက်အထား မတွေ့ရသေးပါဘူး။ အထောက်အထား မတွေ့သေးတာဟာ ထိခိုက်မှု မရှိဘူးလို့ ယတိပြတ် ပြောဆိုနိုင်တာတော့ မဟုတ်တာကြောင့် ပြင်းထန်တဲ့ ရေဒီယိုလှိုင်းဒဏ် မခံရအောင် ကာကွယ်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါတယ်။ နိုင်ငံထဲကိုတင်သွင်းတဲ့ ဖုန်းတွေဟာ SAR ပမာဏ 1.6 W/kg သို့မဟုတ် 2W/kg အောက် နည်းတဲ့ ပမာဏသာရှိစေဖို့ဥပဒေပြဋ္ဌာန်းသတ်မှတ်ကာကွယ်ဖို့၊ တယ်လီဖုန်းတာဝါတိုင်တွေကို တပ်ဆင်တည်ဆောက်တဲ့ နေရာမှာ တိကျပြီး စနစ်ကျတဲ့ စံချိန်စံညွှန်းတွေချမှတ်ပေးဖို့၊ တယ်လီဖုန်းတာဝါတိုင် အင်တာနာကို တိုက်ခေါင်မိုးမှာ တပ်ဆင်မယ်ဆိုရင် ဘေးပတ်လည် ၅ မီတာကို ကာရံထားပြီး ဝင်ရောက်ခြင်းမပြုဖို့၊ ဖုန်းပြောတဲ့အခါ နားကြပ်တွေ Hand Free တွေကို အသုံးပြုဖို့ ဖုန်းကိုကြာရှည်စွာ နားကပ်ပြီး မပြောဖို့ စတာလေးတွေနဲ့ ရေဒီယိုလှိုင်း သက်ရောက်မှု ပမာဏကို လျှော့ချနိုင်ပါကြောင်းပါ။

ကိုသာပို

■



www.free4reader.com



# ပုံမှန်မဟုတ်တဲ့နိုင်ငံ ဘယ်ပေတံနဲ့တိုင်းမှာလဲ

အလင်းသစ်

အခုတလော ဒေါ်လာဈေးတွေတက်တဲ့ကိစ္စ၊ ပို့ကုန်ထက် သွင်းကုန်ကများနေလို့ ပြည်ပကုန်သွယ်ရေးလိုငွေတွေပြနေတဲ့ကိစ္စတွေကြောင့် မြန်မာ့စီးပွားရေးတစ်ခုလုံး ပြိုလဲတော့မလားဆိုတာမျိုးအထိ ပြောဆိုလာကြ၊ ငြင်းခုံနေကြတာတွေကို တွေ့ရပါတယ်။

ဒီအငြင်းအခုံတွေထဲကို ပါချင်လို့တော့မဟုတ်ပါဘူး။ ဒါပေမဲ့ အခုလို ကိုယ့်အမြင်ကိုယ် တင်ပြပြောဆိုနေကြတဲ့ပုဂ္ဂိုလ်တွေကို "ပညာရှိ သတိဖြစ်ခဲ" ဆိုတာကို သတိမမူမိဘဲ အရေးကြီးတဲ့အချက်အလက်တွေ စဉ်းစားစရာတွေကျန်သွားမှာစိုးလို့ ပြောချင်တာလေးတစ်ခုတော့ ရှိပါတယ်။

အဲဒါကတော့ မြန်မာနိုင်ငံဟာ အခုချိန်အထိ ဘယ်ကဏ္ဍမှာမှ ပုံမှန်မဟုတ်သေးဘူးဆိုတာပါပဲ။ အထူးသဖြင့်တော့ စီးပွားရေးမှာ ပုံမှန်မဟုတ်တဲ့ကဏ္ဍ(Informal Sector) က အလွန်ကြီးမားပါတယ်။ ဘယ်လောက်ပမာဏကြီးကြီးမားမားရှိသလဲဆိုတာကတော့ ဘယ်သူမှ မသိကြသေးပါဘူး။

ဒါပေမဲ့ ကျွန်တော့်အထင်ကတော့ ဒီကနေ့ ပုံမှန်တရားဝင် စီးပွားရေးကမှာ ပြောဆိုတွက်ချက်နေကြတဲ့ ကိန်းဂဏန်းပမာဏတွေဟာ တကယ်အရှိထက်စာရင် ပင်လယ်ထဲမျောနေတဲ့ ရေခဲတောင်ထိပ်ဖျားက အစိတ်အပိုင်းကလေးလောက်ပဲ ရှိပါလိမ့်မယ်။

ဥပမာအားဖြင့် ပို့ကုန်၊ သွင်းကုန်ကိစ္စကိုပဲ ကြည့်ရအောင်ပါ။ တရားဝင်မြန်မာအစိုးရက ထုတ်ပြန်တဲ့ စာရင်းဇယားအရ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်မှာ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၄ ဒသမ ၉ ဘီလျံ ရှိပါတယ်။ ပို့ကုန်က ၁၁ ဒသမ ၂ ဘီ လျံနဲ့ သွင်းကုန်က ၁၃ ဒသမ ၇၅ ဘီလျံရှိပါတယ်။ ဒါပေမဲ့ ဒီစာရင်းတွေထဲမှာ တရားမဝင်ပို့ကုန်၊ သွင်းကုန်တွေ မပါသေးပါဘူး။ တရားမဝင်ပို့ကုန်၊ သွင်းကုန်ဆိုတဲ့အထဲမှာ သစ်တို့၊ ကျောက်စိမ်းတို့လို သဘာဝသယံဇာတတွေကို ပြည်ပကို ခိုးထုတ်တာပါသလို၊ ကျွဲ၊ နွားကအစ ဆင်အဆုံး တိရစ္ဆာန်တွေ မှောင်ခိုထုတ်တာလည်း ပါပါတယ်။ သွင်းကုန်အပိုင်းမှာလည်း ဒီလိုပါပဲ။ တရားမဝင်နယ်စပ်ဂိတ်တွေက သွင်းနေတဲ့ ဆိုင်ကယ်၊ မော်တော်ကား၊ လက်ကိုင်ဖုန်း၊ စားအုန်းဆီ၊ ဒီဇယ်၊ ဘီယာကစပြီး မှောင်ခိုသွင်းလာတဲ့ စိန်တွေအဆုံး ပမာဏဘယ်လောက်များသလဲ ဘယ်သူမှ မသိပါဘူး။

မှန်းလို့ရရုံလောက်ပြောရရင် ၂၀၁၃ ခုနှစ်မှာ Forest Trend အဖွဲ့ရဲ့ လေ့လာချက်အရ တရုတ်နိုင်ငံ ယူနန်ပြည်နယ် အကောက်ခွန်ဌာနရဲ့စာရင်းမှာ မြန်မာဘက်က သစ်တွေကို ဒေါ်လာသန်း ၃၀၀ ဖိုးလောက် တင်သွင်းခဲ့တယ်လို့ ဆိုပါတယ်။ သေချာတာကတော့ အဲဒီသစ်တွေဟာ မြန်မာဘက်က တရားဝင်တင်ပို့တာ မဖြစ်နိုင်ဘူးဆိုတဲ့အချက်ပါပဲ။ အလားတူပဲ ဟားဗတ်တက္ကသိုလ် လေ့လာချက်တစ်ခုအရ မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းထုတ်လုပ်မှုဟာ တစ်နှစ်ကို ဒေါ်လာ ၂ ဘီလျံ၊ ၃ ဘီလျံ လောက်ရှိပြီးတော့ အစိုးရလေလံပွဲတွေမှာ တရားဝင်ရောင်းချမှုကတော့ ဒေါ်လာ ၁ ဘီလျံလောက်ပဲရှိတယ်လို့ ဆိုပါတယ်။ ကျန်တဲ့ ဒေါ်လာ ၂ ဘီလျံလောက်က စာရင်းပျောက်နေပါတယ်။

သွင်းကုန်ကိုကြည့်ရင်လည်း လက်ကိုင်ဖုန်းတစ်ခုတည်း ကြည့်ရင်တောင် မကြာခင်ကတွေ့ရတဲ့သတင်းအရ မြန်မာနိုင်ငံမှာ လက်ကိုင်ဖုန်းသုံးစွဲသူ ၁၈ သန်းရှိသွားပြီလို့ဆိုပါတယ်။ ဒီဖုန်း ၁၈ သန်းထဲမှာ အစိုးရကို အကောက်ခွန်ဆောင်ပြီး တင်သွင်းလာတဲ့ ဟန်းဆက်က ဘယ်လောက်ရှိသလဲ။ ခိုးသွင်းတာက ဘယ်လောက်ရှိသလဲ။ အစိုးရက ထုတ်ပြန်တဲ့ လစဉ် စီးပွားရေးအညွှန်းစာစောင်တွေမှာလည်း ဆက်သွယ်ရေး ပစ္စည်းတင်သွင်းမှုကို တိတိကျကျ ခေါင်းစဉ်တပ် ဖော်ပြမထားလို့ မသိပါဘူး။ ဒါပေမဲ့ ဖုန်းဟန်းဆက်ပေါင်း ၁၈ သန်းရဲ့ တန်ဖိုးက တစ်လုံးကို ဒေါ်လာ ၁၀၀ နဲ့ တွက်ရင် ဒေါ်လာ ၁ ဒသမ ၈ ဘီလျံရှိမှာဖြစ်ပါတယ်။ ဒေါ်လာ ၁၀၀ ဆိုတာ အတော်ကလေး နှိမ်ပြီးတွက်ထားတာပါ။ သာမန်အသင့်အတင့်သုံးဖြစ်တဲ့ ဟန်းဆက်က ၂၀၀ ကျော်မှာရှိပါတယ်။ ဖုန်းဟန်းဆက်တွေက လူမြင်သူမြင် ဝင်လာပေမယ့် လူမသိသူမသိ ဝင်လာနေတာက စိန်တွေပါ။ တစ်နှစ်တစ်နှစ်ကို ဟောင်ကောင်နဲ့ အိန္ဒိယဘက်က အများဆုံးဝင်နေတဲ့ စိန်တွေရဲ့ ပမာဏတန်ဖိုး ဘယ်လောက်ရှိမလဲဆိုတာလည်း တရားဝင်စာရင်းဇယားထဲမှာ ရှာမရပါဘူး။ ဒါပေမဲ့ မြို့ကြီးတွေရဲ့ လူကုံထံရပ်ကွက်တွေမှာ စိန်ဆိုင်တွေ ရှောင်မလွတ်အောင် တိုးပွားလာတာကတော့ မျက်မြင်ပါ။ စိန်ဆိုတာ သေးသေးလေးနဲ့ တန်ဖိုးကြီးတော့ သိမ်းလို့လည်း လွယ် သယ်လို့လည်း လွယ်ပါတယ်။ မီးခြစ်ဆံခေါင်းလောက် စိန်တစ်ပွင့်တောင် အရည်ကောင်းရင် သိန်းပေါင်းများစွာပေးရတာဆိုတော့ တရားမဝင် ရောက်လာတဲ့စိန်တွေ ဘယ်လောက်တန်ဖိုးရှိမလဲဆိုတာ မပြောတတ်တော့ပါဘူး။

စိန်တို့၊ ကျောက်စိမ်းတို့လို တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကို မဆိုထားနဲ့ သာမန်စားသုံးကုန်၊ လူသုံးကုန်တွေ အကောက်ခွန်ဂိတ်ကို မဖြတ်ဘဲ လမ်းကြောင်းမျိုးစုံက ဝင်နေကြတာ ဘယ်လောက်ရှိသလဲ။ နယ်စပ်ကုန်သွယ်ရေးမှာ ထိုင်းနယ်စပ်တစ်ခုကိုပဲကြည့်မယ်ဆိုရင် မြန်မာဘက် တရားဝင်စာရင်းဇယားအရ တစ်နှစ်ကို ဒေါ်လာသန်း ၃၀၀ ကျော်ပဲရှိပါတယ်။ ထိုင်းဘက်စာရင်းဇယားအရ မဲဆောက်၊ မြဝတီနယ်စပ်ဂိတ် တစ်ခုတည်းတင်ပဲ ဒေါ်လာ ၁ ဒသမ ၇ ဘီလျံ လောက်ရှိတယ်လို့ ဆိုပါတယ်။ ကုန်သွယ်မှုပမာဏ ပိုကြီးတဲ့ တရုတ်နယ်စပ်ဆို ပိုပြီးကွာဟမယ့်အနေအထားရှိပါတယ်။

အခုပြောနေတဲ့ အထဲမှာ တရားမဝင်တဲ့အပြင် နိုင်ငံဖြတ်ကျော် မှုခင်းဖြစ်တဲ့ မူးယစ်ဆေးဝါးလုပ်ငန်းက အရောင်းအဝယ်တွေ မပါသေးပါဘူး။ သိကြတဲ့အတိုင်းပဲ အိန္ဒိယက ဆူဒိုအက်ဖီဒရင်း ဆေးပြားတွေ အလုံးအရင်းနဲ့ဝယ်ပြီး ထိုင်းနယ်စပ်မှာ တခြားဓာတုပစ္စည်းတွေနဲ့ပေါင်းပြီး စိတ်ကြွဆေးတွေ ထုတ်လုပ်ပြီးတော့ ကမ္ဘာအနှံ့ပြန်တင်ပို့နေတာ တစ်နှစ်ကို ဒေါ်လာ ဘီလျံပေါင်းများစွာ ရှိပါတယ်။

ကုလသမဂ္ဂအဆိုအရ အရှေ့အာရှ စိတ်ကြွဆေးထုတ်လုပ်မှုဟာ ဒေါ်လာ ၁၇ ဘီလျံရှိတယ်လို့ ဆိုပါတယ်။

> **66** ပုံမှန်မဟုတ်တဲ့ ဒီတိုင်းပြည် မှာ ပုံစံကျ
> တရားဝင်စာရင်းဇယားတွေ
> ကိန်းဂဏန်းတွေနဲ့ကောက်ပြီး တွက်လို့တော့
> ဘယ်လိုမှ အမှန်တရားနဲ့ နီးစပ်မယ် မထင်ပါဘူး . . . **99**

နောက်တစ်ခုကတော့ လူတွေပါ။ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုနဲ့ ပြည်ပမှာ သွားရောက်အလုပ်လုပ်ကိုင်မှုကနေ ငွေပမာဏ ဘယ်လောက်ဝင်နေသလဲ။ အပြင်မှာ အလုပ်လုပ်တဲ့ လူ ၃ သန်းက တစ်နှစ်ကို တစ်ယောက် ဒေါ်လာ ၁၀၀၀ ပြန်ပို့ရင်တောင်မှ ဒေါ်လာ ၃ ဘီလျံရှိမှာဖြစ်ပါတယ်။ ဒီလိုပို့ကြတာကလည်း တရားမဝင် ဟွန်ဒီနဲ့ပို့တာဖြစ်ပြီး ဟွန်ဒီလုပ်ငန်းထဲဝင်သွားတဲ့ ငွေတွေဟာ မြန်မာနိုင်ငံထဲကို သွင်းကုန်ပစ္စည်းအဖြစ်နဲ့ ပြန်ဝင်လာတာမျိုးရှိပါတယ်။

ဒါကြောင့် ပုံမှန်မဟုတ်တဲ့ ဒီတိုင်းပြည်မှာ ပုံစံကျ တရားဝင်စာရင်းဇယားတွေ ကိန်းဂဏန်းတွေနဲ့ကောက်ပြီး တွက်လို့တော့ ဘယ်လိုမှ အမှန်တရားနဲ့ နီးစပ်မယ် မထင်ပါဘူး။

ဒေါ်လာဈေးတက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ပြောမယ်ဆိုရင်တော့ ပြောစရာတွေက အများကြီးပါ။ သာမန်သွင်းကုန်ထဲက ပို့ကုန်တန်ဖိုးနုတ်လို့ ကုန်သွယ်မှု အနုတ်လက္ခဏာပြတိုင်း ဒေါ်လာနဲ့ အပေးအယူမှာ လိုငွေပြနေတယ်လို့ ပြောဖို့ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးကုန်သွယ်ဘက်က တရုတ်ဖြစ်ပြီး တရုတ်နဲ့ကုန်သွယ်ရေးမှာ နယ်စပ်ကုန်သွယ်မှုက ကြီးစိုးထားတာဖြစ်ပါတယ်။ တရားဝင်စာရင်း' ဇယားအရဆိုရင်တောင်မှ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးက ဒေါ်လာ ၅ ဘီလျံလောက်ရှိပါတယ်။ အဲဒီပမာဏထဲမှာ တရုတ်ယွမ်ငွေနဲ့ အပေးအယူလုပ်တာ ကုန်ချင်းဖလှယ်တာ ဘယ်လောက်ရှိမလဲ မသိပေမယ့် အများစု ဖြစ်လိမ့်မယ်ထင်ပါတယ်။

နောက်တစ်ခုက တရားဝင်ပို့ကုန်ရော၊ သွင်းကုန်မှာပါ ဒေါ်လာတွေက ပုဂ္ဂလိကတွေဆီချည်းပဲ ရောက်တာမဟုတ်ဘူး။ ပို့ကုန်မှာ ဒေါ်လာဝင်ငွေအများစုက နိုင်ငံပိုင်ဓာတ်ငွေ့တင်ပို့မှုက ရတာမို့ နိုင်ငံတော်ဘဏ္ဍာထဲ ဝင်သွားတာပါ။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ပို့ကုန်ပမာဏဒေါ်လာ ၁၁ ဒသမ ၂ ဘီလျံ ရှိတဲ့အနက် ၆ ဒသမ ၁ ဘီလျံက နိုင်ငံပိုင်ကဏ္ဍဖြစ်ပါတယ်။ ပုဂ္ဂလိကပို့ကုန်က ဒေါ်လာ ၅ ဒသမ ၁ ဘီလျံပဲရှိပါတယ်။ သွင်းကုန်ကျတော့ ပုဂ္ဂလိကမှာ ၁၁ ဒသမ ၂ ဘီလျံရှိပြီး နိုင်ငံပိုင် ကဏ္ဍက ၂ ဒသမ ၅၃ ဘီလျံပဲရှိပါတယ်။ ဒီလိုကဏ္ဍနှစ်ခုခြားပြီးတွက်ရင် နိုင်ငံပိုင်ကဏ္ဍမှာ ၃ ဒသမ ၅ ဘီလျံ ပိုငွေပြပြီး ပုဂ္ဂလိက ကဏ္ဍမှာ ၆ ဒသမ ၁ ဘီလျံ လိုငွေပြနေပါလိမ့်မယ်။

ဒါဖြင့် ပုဂ္ဂလိကဘက်က ဒီလောက်တောင် လိုငွေပြနေတာ ဘာနဲ့ဖြည့်နေကြတာလဲဆိုရင်တော့ စောစောက ပုံမှန်မဟုတ်တဲ့စာရင်းမဝင်တဲ့ တရားမဝင်တဲ့ ဝင်ငွေတွေနဲ့ ဖြည့်နေလို့ပဲ အခုလို သွားနေနိုင်တာဖြစ်ပါလိမ့်မယ်။

ဒီအခြေအနေအရ စဉ်းစားမယ်ဆိုရင် တရားဝင်စာရင်းအရ ကုန်သွယ်ရေးလိုငွေပြမှု ကြီးထွားလာတာဟာ အကြောင်းအရင်းတစ်ခုဖြစ်နိုင်ပေမယ့် သူ့ချည်းသက်သက်ကြောင့် ဒေါ်လာဈေးတက်ရတာတော့ ဟုတ်ချင်မှ ဟုတ်ပါလိမ့်မယ်။ ဒါကို ဗဟိုဘဏ်က ရှိစုမဲ့စု နိုင်ငံခြားသုံး အရန်ငွေ အနည်းငယ်ထဲက ထုတ်ရောင်းပြီး ဝင်ထိန်းရင် အဆင်ပြေသွားပါ့မလားဆိုတာလည်း ပြောဖို့တော့ ခက်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ ၁၉၉၇ ခုနှစ် အရှေ့တောင်အာရှ ငွေကြေးအကျပ်အတည်းမှာ ထိုင်းနိုင်ငံဟာ သူ့ရဲ့ နိုင်ငံခြားသုံးအရန်ငွေ ဒေါ်လာ ၃၃ ဘီလျံလောက် ပစ်ထည့်ပြီး ထိန်းတာတောင်မှမရတော့လို့ နှုန်းရှင်သတ်မှတ်ပြီး မျှောလိုက်ရတဲ့သာဓကရှိလို့ပါ။ တကယ်လို့ အပြင်ဘက်ကများ အဲဒီတုန်းက ဂျော့ဆိုရော့စ်လို ငွေဈေးဝင်ကစားတဲ့ လက်မည်းကြီးတွေရှိနေရင် ထည့်လိုက်သမျှ ငွေတွေဟာ 'သဲထဲရေသွန်' ဖြစ်သွားနိုင်စရာရှိပါတယ်။

အခုလို ပြောနေရတာက လိုတာထက်ပိုပြီး ကြောက်အောင်ခြောက်လှန့်ဖို့မဟုတ်သလို ဘာမှမဖြစ်နိုင်ပါဘူးဆိုပြီး ပေါ့ပေါ့တန်တန် သဘောထားစေချင်လို့လည်း မဟုတ်ပါဘူး။ တရားဝင် စာရင်းဇယားအရ မဖြစ်နိုင်၊ မသိနိုင်တဲ့ စီးပွားရေးကဏ္ဍကြီးတစ်ခု အမှန်တကယ်ရှိနေတယ်ဆိုတာ သိစေချင်လို့တင်ပြတာပါ။ အဲဒီ ပုံမှန်မဟုတ်တဲ့စီးပွားရေးကဏ္ဍကြီးဟာ ပမာဏဘယ်လောက်ကြီးမားသလဲ၊ ငွေပေးငွေယူရှင်းတမ်းမှာ အပိုအလိုဘယ်လောက်ရှိမလဲ ဆိုတာကတော့ ဘယ်သူမှမသိပါဘူး။ တစ်ဦးတစ်ယောက်တည်းက စာအုပ်တွေ၊ စာရင်းတွေလှန်ပြီး တွက်လို့ရတဲ့ အမျိုးလည်း မဟုတ်ပါဘူး။ ဒါကြောင့် အဲဒီတရားမဝင်စီးပွားရေးကဏ္ဍကြီးက တရားဝင်စီးပွားရေးကဏ္ဍအပေါ် ဘယ်လောက်ထိသက်ရောက်နေသလဲဆိုတာကလည်း မေးခွန်းသာရှိ အဖြေအတိအကျမပေးနိုင်တဲ့ပုစ္ဆာ ဖြစ်နေဆဲပါ။

ဒီလိုအနေအထားမျိုးမှာ မြန်မာ့စီးပွားရေး ပြိုလဲသွားနိုင်သလားဆိုတော့ နှလုံးခွဲစိတ်ကုသခံရတဲ့ နောင်တော်ကြီး တစ်ယောက်ကို ပြေးပြီးသတိရမိပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က သူ့နှလုံးကို စစ်ဆေးတော့ သွေးလွှတ်ကြောမကြီးနှစ်ခုစလုံး ၉၉ ရာခိုင်နှုန်းပိတ်နေပါပြီ။ ဆရာဝန်တွေက ဘယ်လိုများ သူ့အသက်ရှင်နေတာလဲဆိုတာ အံ့ဩပြီး သွေးကြောတွေကို ဆေးဓာတ်မှန်ရိုက်ကြည့်တော့ ပုံမှန်မဟုတ်တဲ့ သွေးကြောကလေးတွေက မြစ်လက်တက်ကလေးတွေလို ထွက်လာပြီး နှလုံးနဲ့ဆက်ပေးထားတာကို တွေ့ရပါသတဲ့။ ဒီလောက်ရောဂါကြီးနဲ့တောင် အတော်ပေတဲ့သူပါ။ နောက်တစ်နေ့ ခွဲခန်းဝင်ရတော့မှာကို ဒီနေ့အထိ အိမ်သာထဲမှာ ဆေးလိပ်ခိုးသောက်တုန်း ဖြစ်ပါတယ်။ ဘာပဲပြောပြော အခုချိန်အထိ အသက်ရှည်နေတုန်း ဆေးလိပ်လည်း ခိုးသောက်သလိုလိုနဲ့ ဖြောင်သောက်နေတုန်းပါပဲ။

မြန်မာပြည်ရဲ့ စီးပွားရေးကလည်း အဲဒီနောင်တော်ကြီးလိုများ ဖြစ်နေလေမလားလို့ တွေးမိပါတယ်။

■


www.free4reader.com

Vol: 7, No-21, May 28, 2015 POPULAR NEWS



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ဆိုက်ဘာစစ်ဆင်ရေးတွင် အဓိကဦးဆောင်နေကြသူများ

# တရုတ်တို့၏ ဆိုက်ဘာတပ်ဖွဲ့များနှင့် ယင်းတို့၏ ဆောင်ရွက်ချက်များ

ညောင်ရမ်း

၁။ နိဒါန်း

ခေတ်တစ်ခေတ်၏ တူရှချက်ကို မှန်းဆလိုလျှင် ထိုခေတ်ကို ဖြတ်သန်းသွားသော လူငယ်များ၏ တိမ်းညွတ်မှုကိုကြည့်ပါ ဆိုသော စကားကို ဆရာကျော်ဝင်းရေးသားသည့် စိန်ခေါ်ကြသူများဆိုသည့် စာအုပ်၏ အမှာစာတွင် ဖတ်ရှုမှတ်သားဖူးခဲ့သည်။ ၁၉၆၆ ခုနှစ် မဟာယဉ်ကျေးမှု တော်လှန်ရေးပြီးနောက် တရုတ်နိုင်ငံ၏ ဒီဂျစ်တယ် အသွင် ပြောင်းလဲမှုများတွင် ပြိုင်ဆိုင်မှုများ၊ ပေါင်းစပ်မှု များကြား လူငယ်များ၏ တိမ်းညွတ်မှုသာမက စူပါ ပါဝါနိုင်ငံတစ်ခုသို့ တက်လှမ်းနိုင်ရန် ချမှတ်လမ်းညွှန်ပေးခဲ့သည့် လူကြီးများ၏ တိမ်းညွတ်မှုကိုလည်း ချန်လှပ်၍ မရနိုင်ပါ။

ခေတ်သစ် စစ်ပွဲများသည် တစ်ဦးတစ်ယောက်ချင်း ဓား၊ လှံ၊ လေးမြားများကို အသုံးပြုကာစီးချင်းထိုးရသည့် ပထမမျိုးဆက်စစ်ပွဲများမဟုတ်တော့ဘဲ အင်အားကြီးသူက ဘက်ပေါင်းစုံမှနေ၍ အစုလိုက်အပြုံလိုက် ဝိုင်းဝန်းတိုက်ခိုက်ကြသလို၊ အင်အားငယ်သူက လည်း စစ်ရေးနည်းလမ်းတွင် အစဉ်အလာ ပြည်သူ့စစ်မဟာဗျူဟာကိုသော်လည်းကောင်း၊ စစ်ရေးမဟုတ်သော နည်းလမ်းတွင် ခေတ်သစ်ပြည်သူ့စစ်မဟာဗျူဟာ၊ ကန့်သတ်မဲ့စစ်နှင့် အချိုးမညီစစ်ကို အသုံးပြုပြီးတိုက်ခိုက်ကြသည့် စတုတ္ထမျိုးဆက်စစ်ပွဲများအဖြစ်သို့ ပြောင်းလဲရောက်ရှိလာပါသည်။

ထို့အတူပင် အဖျက်စွမ်းအား ပြင်းထန်သည့်လက်နက်များကို နိုင်ငံအသီးသီးသည် အလုံးစုံစစ်ပွဲအတွက် ကြိုတင်စုဆောင်းနေကြသော်လည်း ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း စစ်အေးကာလအတွင်း အမေရိကန်နှင့် ဆိုဗီယက်တို့၏ မဟာဗျူဟာ လက်နက်ထိန်းချုပ်ရေးဆွေးနွေးပွဲ (Strategic Arms Limitation Talks I and II) ခေါ် (SALT-I) နှင့် (SALT-II) ကဲ့သို့ သော လက်နက်ထိန်းချုပ်ရေးစာချုပ်များရှိလာခဲ့သည်။ ထို့ကြောင့် သမားရိုးကျစစ်ဆင်ခြင်းဖြင့် ရေရှည်စစ်ပွဲဆင်နွှဲကာ အလုံးစုံပျက်စီးရေးထက်၊ ပူးပေါင်းစစ်ဆင်ရေးများဖြင့် ပြင်ဆင်ဆောင်ရွက်ချိန် ကြာမြင့်သော်လည်းရေတိုစစ်ပွဲများဆင်နွှဲလာကြသည်။သတင်းအချက်အလက် စစ်ဆင်ရေးနှင့်စစ်ပွဲပုံစံမဟုတ်သော တိုက် ခိုက်မှုများဖြင့် ရန်သူ့ခေါင်းဆောင်ပိုင်း၏ အတွေးအခေါ်များ ပြောင်းသွားစေရေးကို ဦးစားပေးစစ်ဆင်လာကြခြင်းသည် ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲမော်ဒယ်များဖြစ်လာပါသည်။

## ၂။ တိုးတက်ပြောင်းလဲလာသည့် စစ်နည်းဗျူဟာ အယူအဆများ

၂၁ ရာစုတရုတ်နိုင်ငံ၏ သတင်းအချက်အလက် စစ်ဆင်ရေး အယူအဆသည် စီးပွားရေး၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် အတွေးအခေါ်များ ထွန်းကားလာမှုမှ မြစ်ဖျားခံဆင်းသက်လာပြီး၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ထင်ရှားသော စစ်ဘက်အရာရှိများ၏ တီထွင်ဆန်းသစ်လာသည့် စစ်ဘက်ဆိုင်ရာအတွေးအခေါ်နှင့် အယူအဆများမှတစ်ဆင့်ဖွံ့ဖြိုးလာခြင်း ဖြစ်ပါသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ စစ်ဗိုလ်ချုပ်တို့သည် အမေရိကန်နိုင်ငံအား ယှဉ်ပြိုင်ခြိမ်းခြောက် အန်တုရန်နှင့် တတိယကမ္ဘာတွင်တရုတ်နိုင်ငံသည်မဟာအင်အားကြီးနိုင်ငံများစာရင်းတွင် ပါဝင်လက်ခံလာစေရန်အားထုတ်လာကြသည်။ထိုသို့ကြိုးစားရန်နည်းလမ်းမှာ သတင်းအချက်အလက် စစ်ဆင်ရေးကဲ့သို့သော စစ်ဆင်မှုပုံစံသည်သာ အသင့်လျော်ဆုံးနှင့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ယူဆခဲ့ကြသည်။

အကျုမြူနည်းပညာပိုင်ဆိုင်လာသည့် ၁၉၆၄ ခုနှစ် နောက်ပိုင်း တရုတ်ပြည် သူ့လွတ်မြောက်ရေးတပ်မတော်၏ ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ရေးဆွဲရာတွင် အဓိကပြောင်းလဲမှု (၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းပြောင်းလဲမှု (၂) ရပ်မှာ-

(က) သာမန်အခြေအနေအောက်ရှိ ဒေသန္တရစစ်မှ နည်းပညာမြင့်မားမှုအောက်ရှိ ဒေသန္တရစစ်အဖြစ်သို့ လည်းကောင်း။

(ခ) ၁၉၉၆ ခုနှစ် ထိုင်ဝမ်အရေးအခင်းမှ စတင်ပြီး လူသားဗဟိုပြုမှုသည် နည်းပညာအခြေပြုအဖြစ်သို့ လည်းကောင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။

အပြောင်းအလဲတို့၏ ဦးတည်ချက်များမှာ

-အဖျက်စွမ်းအားကြီးမားသော လက်နက်စနစ်များပိုင်ဆိုင်မှုမှသည် ကန့်သတ်မဲ့စစ်ပွဲများကို တိတ်တဆိတ်ဆင်နွှဲနိုင်သည့် သတင်းအချက်အလက် စစ်ဆင်ရေးနှင့် အာကာသစစ်ပွဲများကို ဆင်နွှဲရမည့် စစ်မျက်နှာပြင်သို့ တရုတ်နိုင်ငံအနေဖြင့် နည်းပညာစွမ်းအားစု သာလွန်သည့်နိုင်ငံအဖြစ်ဖြင့် လည်းကောင်း၊

- မဟာအင်အားကြီးနိုင်ငံတစ်ခုအဖြစ်လက်ခံလာစေရန် နည်းပညာ သစ်များကို စုဆောင်းခြင်းပြုလုပ်ရာတွင် လည်းကောင်း၊

- ၂၁ ရာစု သတင်းနည်းပညာခေတ်သို့ ကူးပြောင်းတက်လှမ်းရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော တပ်မတော်တည်ဆောက်ရန် စသည်တို့ ဖြစ်ပါသည်။

## ၃။CPC, PLA နှင့်ဒီဂျစ်တယ်ခေတ်အမီလက်တွေ့ပြုပြင်ပြောင်းလဲမှုများ

တရုတ်နိုင်ငံသည် ခေတ်မီရေးမူဝါဒ လေးမျိုးကိုချမှတ်ပြီး ဈေးကွက်စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အမျိုးသားကာကွယ်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတို့အားအစွမ်းကုန်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့သည်။

အမျိုးသားကာကွယ်ရေးကဏ္ဍတွင် ပြည်သူ့တပ်မတော် သဘောတရားများနှင့် ပြည်သူ့စစ် သဘောတရားများကိုအခြေခံကာ တပ်နီတော်၊ အမျိုးသားတပ်မတော်နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းတည်ဆောက်ခဲ့သည်။

*မဟာဗျူဟာနယ်ပယ်* အနေဖြင့် သမ္မတဟုကျင်းတောင်သည် ဆိုက်ဘာစစ်ဆင်ရေးအား မဟာဗျူဟာ(၂)ရပ် ချမှတ်ခဲ့သည်။

- သတင်းအချက်အလက်ခေတ်သို့ ချဉ်းနင်းဝင်ရောက်လာ သည့် တရုတ်နိုင်ငံအနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်များကိုအောင်မြင်စွာ ထိန်းချုပ်ကိုင်တွယ်နိုင်ရန်

- တရုတ်ပြည်၏ ဆိုက်ဘာအခြေခံ အဆောက်အအုံကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရန်။

> **ခေတ်သစ်စစ်ပွဲများသည် တစ်ဦးတစ်ယောက်ချင်းဓား၊ လှံ၊ လေးမြားများကို အသုံးပြုကာ စီးချင်းထိုးရသည့် ပထမမျိုးဆက်စစ်ပွဲများ မဟုတ်တော့ဘဲ ...**

*စစ်ဆင်ရေးနယ်ပယ်* အနေဖြင့် တရုတ်တပ်မတော်သည် ရှိရင်းစွဲ သမားရိုးကျ ပြည်သူ့စစ်မဟာဗျူဟာကို ခေတ်သစ်ပြည်သူ့စစ်မဟာဗျူဟာ အဖြစ်ရှုမြင်ကာ အီလက်ထရောနစ်စစ်ဆင်ရေး၊ ဆိုက်ဘာစစ်ဆင်ရေးတို့ အပြင် ယင်းနှစ်ခုကိုပေါင်းစပ်စစ်ဆင်နိုင်သည့် သတင်းအချက်အလက် စစ်ဆင်ရေးကိုပါထည့်၍ ရှုထောင့်လေးခုဖြင့် တိုက်ခိုက်နိုင်အောင် တိုက်စစ်နှင့် ခံစစ်နှစ်မျိုးလုံးအတွက် ပြင်ဆင်ဆောင်ရွက်ထားနိုင်ခဲ့ပါသည်။

*နည်းဗျူဟာနယ်ပယ်* အနေဖြင့် ၁၉၉၇ ခုနှစ်ကတည်းကပင် အဖွဲ့ငယ်များအဖြစ် စတင်ဖွဲ့စည်းပြီး ပထမဆုံးပေါ်ပေါက်လာသည့်တပ်ဖွဲ့မှာ "Blue Team" ဖြစ်ပါ သည်။ ယနေ့အချိန်တွင် အင်အား ၁၅၀၀၀ ကျော်ရှိသော ဆိုက်ဘာတပ်ဖွဲ့တစ်ခုကို ပိုင်ဆိုင်ထားပြီးလည်း ဖြစ်ပါသည်။

## ၄။ PLA ၏ ဆိုက်ဘာစစ်ဆင်ရေးတွင် ဦးဆောင်နေကြသူများ

သမ္မတဟုကျင်းတောင်၏ မဟာဗျူဟာ (၂) ရပ်ကို PLA ရှိ အထွေထွေစစ်ဦးစီးဌာနကြီး လက်အောက်ရှိ ဆိုက်ဘာစစ်ဆင်ရေးတွင် အခွင့်အာဏာအရှိဆုံး ဌာန ကြီး တစ်ခုဖြစ်သည့် ယခင်အမှတ် (၄) အီလက်ထရောနစ် တန်ပြန်စစ်ဆင်ရေးနှင့်ရေဒါဌာန၏ ဒါရိုက်တာ ဗိုလ်ချုပ် Dai Qingmin မှ ဦးဆောင်၍ အကောင်အထည်ဖော် ဦးစီးဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် တိုးချဲ့ဖွဲ့စည်းလာသော တပ်ဖွဲ့များ၏ ဖွဲ့စည်းပုံအရ ဗိုလ်ချုပ်ကြီး (၄)ဦးနှင့် ဗိုလ်ချုပ်(၁)ဦးတို့ကို အသီးသီးတာဝန်များ ပေးအပ်ခဲ့သည်။ ၎င်းတို့မှာ-

(က)ဗိုလ်ချုပ်ကြီး Zhang Qinsheng

၁၉၄၈ ခုနှစ် Shanix စီရင်စု၊ Xiaoxi မြို့တွင် မွေးဖွားပြီး ဟန်လူမျိုးဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်သို့ စတင်ဝင်ရောက်ခဲ့သည်။ ထို့နောက် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်၏ အထွေထွေ စစ်ဦးစီးဌာနကြီး (General Staff Department) တွင် ဒုတိယအကြီးအကဲအဖြစ် လည်းကောင်း၊ ပေကျင်း စစ်ဒေသ၏ လေ့ကျင့်ရေးဌာန ဒါရိုက်တာအဖြစ်ဖြင့် လည်းကောင်း၊ GSD ဌာနချုပ် စစ်ဘက်ဆိုင်ရာလေ့ကျင့်ရေးဌာန၏ လက်ထောက်ဒါရိုက်တာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ C4ISR စနစ်အတွက်ကွန်ရက် ကွပ်ကဲမှုစနစ်သုတေသန လုပ်ငန်းများကို ဦးစီးဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာတွင် GSD ၏ ဒုတိယစစ်ဦးစီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဒီဇင်ဘာတွင် လက်ထောက် စစ်ဦးစီးအရာရှိချုပ်အဖြစ် တိုးမြှင့်ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ တွင် Guangzhou စစ်ဒေသ၏ စစ်ဒေသမှူးအဖြစ် ခန့်အပ်ခဲ့သည်။

၂၀၁၀ပြည့်နှစ်ဇူလိုင်လလယ်တွင် သမ္မတဟုကျင်းတောင်မှ ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။

(ခ) ဗိုလ်ချုပ်ကြီး Chen Bingde

၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့ပြီး စစ်သိပ္ပံအကယ်ဒမီမှ ဘွဲ့ရရှိခဲ့သည်။ ချန်သည် ဟန်လူမျိုးဖြစ်ပြီး Jiangsuစီရင်စုရှိ Nant ong ဇာတိ ဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး၊ ၁၉၆၂ ခုနှစ်တွင် ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်ဖြစ်ခဲ့ပြီး စစ်ဦးစီးအဖွဲ့၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

(ဂ) ဗိုလ်ချုပ်ကြီး Ma Xiaotian

၁၉၄၉ ခုနှစ်တွင် Henan စီရင်စုရှိ Gongyi မြို့တွင် မွေးဖွားခဲ့ပြီး ဟန်လူမျိုးဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးအဖွဲ့၏ ဒုတိယအကြီးအကဲဖြစ်သည်။ ၁၉၆၅ ခုနှစ် တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သို့ဝင်ရောက်ခဲ့ပြီး၊ ၁၉၆၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီ သို့ဝင်ရောက်ခဲ့သည်။ အမှတ် (၁၂) လေကြောင်း အတတ်ပညာကျောင်းမှ ဘွဲ့ရရှိခဲ့ပြီး၊ ၁၉၉၇ တွင် လေတပ်အဆင့် မြင့်အရာရှိအဖြစ် လည်းကောင်း၊ လေတပ်၏ ဒုတိယအကြီးအကဲအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

(ဃ) ရေတပ်ဗိုလ်ချုပ်ကြီး Sun Jianguo

Sun Jianguo ကို Heibei စီရင်စုရှိ၊ Wuqiao မြို့တွင် ၁၉၅၂ ခုနှစ်၌ မွေးဖွားခဲ့ပြီးဟန်လူမျိုး ဖြစ်ပါသည်။ စန်သည် ၁၉၈၆ ခုနှစ် တွင် အလုပ်သမားတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး၊ ၁၉၇၀ခုနှစ်တွင် တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သို့ စတင်ဝင်ရောက်ခဲ့သည်။ စန်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ ရေငုပ်သင်တန်းကျောင်းမှ ဘွဲ့ရခဲ့ပြီး အမှတ် (၃) Changzheng နျူကလီးယား ရေငုပ်သင်္ဘောတွင် ပဲ့ကိုင်အဖြစ် စတင်အမှုထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင်ရေတပ်ဖွဲ့၏ ရေတပ်ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခံရသည်။

၂၀၀၉ ခုနှစ်မှ စတင်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရှိ GSD ဌာန၏ လက်ထောက်အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(င) ဗိုလ်ချုပ် Hou Shu Sen

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ GSD ဌာနချုပ်၏ လက်ထောက်အကြီးအကဲ ဖြစ်သည်။ Liaoning စီရင်စုရှိ Fumeng မြို့ဇာတိဖြစ်ပြီး ဟန်လူမျိုး တစ်ယောက်ဖြစ်သည်။ ဟိုကို ၁၉၅၀ တွင် မွေးဖွားခဲ့ပြီး Jilin တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ဟို၏ စစ်သက်တမ်းအတော်များများကို Shengyang စစ်ဒေသတွင် အမှုထမ်းခဲ့ပြီး၊ ၂၀၀၇ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် GSD ဌာနကြီး၏ လက်ထောက်အကြီးအကဲ ဖြစ်လာခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။

www.free4reader.com



ဒီတစ်ပတ်မှာတော့ သီပေါမင်း၏ မြစ်တော် ဒေါ်ဒေဝီသန့်စင်နဲ့ တွေ့ဆုံကာ ဆွေတော်မျိုးတော်များနှင့် ပတ်သက်လို့ မေးမြန်းထားသည်များကို စာဖတ်ပရိသတ်ကြီးအတွက် ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

# သမိုင်းထဲက ဆွေတော် မျိုးတော်များနှင့် တွေ့ဆုံခန်း

## သီပေါမင်း၏ မြစ်တော် ဒေါ်ဒေဝီသန့်စင် ပြောပြသည်။

အိမ်စည်စိုးစံ မေးမြန်းသည်

"သမိုင်းကြောင်းဆိုတာ အမှားတွေရော အမှန်တွေရော ရောယှက်နေတယ်။ ဒါကြောင့်မို့ သမိုင်းကြောင်းကို နောင်တစ်ချိန်မှာ ပြန်လေ့လာကြမယ့်သူတွေအတွက် မြုစုတဲ့သမိုင်းဆရာတွေက သစ္စာရှိဖို့လိုတယ်။ ဒါမှလည်း ဒီသမိုင်းကြောင်းကို ဘယ်လို သင်ခန်းစာယူရမယ်၊ ဘယ်လိုတွေဟာဖြင့် အတုယူမယ်၊ ဘယ်လိုဟာတွေကဖြင့် မလုပ်သင့်ဘူး။ လုပ်သင့်တယ်၊ ဘယ်လိုဟာတွေကဖြင့် ဆင်ခြင် ယူနိုင်မယ်ပေ့ါ။ ဒေါ်လေးတို့ သမိုင်းဆိုရင် ဝန်ကြီးချုပ် ဦးနုလက်ထက်က အရှင်နှစ်ပါး ထိုင်ခဲ့တဲ့ သီဟာသနပလ္လင်တော်ဖွင့်ပွဲကို မနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ အစိုးရအိမ်တော်မှာပြခွင့်ရှိတယ်။ ညဘက်ကျတော့ ဒေါ်လေးတို့ ဘကြီးတော်ဘုရား (အခု မေမြို့မှာ ၉၁ နှစ်ပါ) ရယ်၊ ဒေါ်လေးရဲ့အဖေ တော်ဘုရားလေးအောင်ဇေရယ်၊ ညီအစ်ကို နှစ်ယောက်ထဲက တစ်ယောက်ယောက်က အဲ့ဒီတုန်းက တယ်လီဗေးရှင်းတွေ မပေါ်သေးဘူး။ ရေဒီယိုကနေ ပါတော်မူတဲ့ အကြောင်းတွေကို ပြောပြခွင့် ရခဲ့တယ်။ နောက်တော့ ဒေါ်လေးတို့က ပြည်သူလူထုထဲကို အရှင်နှစ်ပါးပုံနဲ့ ပါတော်မူနေ့ရက် ၉၁ကြိမ်၊ ၉၂ကြိမ် စတဲ့ ဒီလိုအကြိမ်မြောက်တွေမှာ စာရွက်နဲ့ ပြည်သူလူထုကို ပေးချင်တဲ့ အကြောင်းအရာတွေကို ပေ့ါနော် မျိုးချစ်စိတ်ဓာတ်ရှင်သန်ဖို့ ကိုယ့်တိုင်းပြည်ကိုချစ်ဖို့ ပါတော်မူကို စံနမူနာထားပြီး နောက်ထပ်ပြီး ဒါမျိုးမဖြစ်ဖို့ စာရွက်စာတမ်းတွေကို ပြည်သူလူထုထဲမှာ လွတ်လွတ်လပ်လပ်နဲ့ အဲ့ဒီ စာရွက်စာတမ်းတွေကို ဝေခွင့်ပေးခဲ့ပါတယ်။ အဲ့ဒီကနေပြီးတော့မှ ၆၂ ခု ဗိုလ်ချုပ်နေဝင်းတက်လာတော့ အဲ့ဒီ အခွင့်အရေးအတွက် အားလုံး ပိတ်သိမ်းခံခဲ့ရပါတယ်။

ဒေါ်လေးတို့ ပြောချင်တာ ဘုရင်စနစ်ကို ပြန်တမ်းတတာ မဟုတ်ဘူး။ ဒေါ်လေးတို့ အမျိုးသားရေး လွတ်လပ်ရေးဆိုတာ ဒီပါတော်မူနေ့ဆိုတဲ့ အခန်းကဏ္ဍကနေ ပေါက်ဖွားလာတာ။ ကျွန်အဖြစ် ကိုလိုနီနိုင်ငံအဖြစ် ခံခဲ့ရတယ်။ အဲ့ဒီမှာ ဗိုလ်ချုပ်အောင်ဆန်းတို့က လွတ်လပ်ရေးရဖို့ ကြိုးစားခဲ့ရတယ်။ သခင်တွေဆိုတဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့သူတွေက အမျိုးသားနေ့တွေနဲ့ ပြန်လည်ပြီး ဖော်ထုတ်ကြတယ်။ အဲ့ဒီတော့ ပါတော်မူနေ့ဆိုတာ ဘုရင်ကိုပြန်ပြီး တမ်းတကြတာမဟုတ်ဘူး။ မြန်မာနိုင်ငံအတွက် သင်ခန်းစာယူဖို့ ဒါကို ပြန်ပြီး ဖော်ထုတ်ပေးသင့်တယ်လို့ အနွယ်တော်တစ်ယောက်အနေနဲ့ ပြောချင်ပါတယ်။

အဲ့ဒီရလဒ်ကတော့ စာရေးဆရာမ Sudha Shah ရေးထားသလိုပဲ အဲဒါက ဘာလဲဆိုတော့ နန်းချပြီးတော့ ပြည်နှင်ဒဏ်ရတနာဂီရိပို့ခံရတဲ့ ဘုရင်နဲ့ မိဖုရားသာမဟုတ်ဘူး သူ့သမီးတော်လေးပါးနဲ့ အနွယ်တော်တွေအထိ ဒီသမိုင်းရဲ့ ရိုက်ခတ်မှုဒဏ်ကို ခံရမယ်တဲ့။ အဲ့ဒါ အင်မတန် မှန်တယ်။ ဒေါ်လေးတို့ အဲ့ဒီရိုက်ခတ်မှုဒဏ်ကို အခုအချိန်အထိခံနေရတုန်းပဲ။ နေရာပေးခြင်းသာ မခံရတာ စောင့်ကြည့်မှုဒဏ်ကို ခုအချိန်အထိ ခံနေရတုန်းပဲ။ ဒီစစ်အစိုးရလက်ထက်မှာဆို ဒေါ်လေးတို့ ပါတော်မူနေ့ကို ဘုရားတော်စုဘုရားလတ်အုတ်ဂူမှာ ဆွေတော်မျိုးတော်တွေစုပြီး ဘုရားတော်အုတ်ဂူကို သန့်ရှင်းရေးလုပ်တယ်။ ညကျရင် ဆီမီးပူဇော်တယ်။ အိမ်နားက ကျောင်းလေးမှာ ဆွမ်းကျွေးတယ်။ ဘယ်သူ့ကိုမှ မဖိတ်ဘူး။ အဲ့ဒီတော့ ဒေါ်လေးတို့ ကျွေးမယ့် ဘုန်းကြီးကျောင်းမှာ ဒီနှစ်ကောကျွေးဖြစ်မှာလား အမြဲသွားမေးတယ်။ ဒေါ်လေးတို့ကတော့ လမ်းကူးလိုက်ရင်ရောက်တဲ့ ဘုန်းကြီးကျောင်းဆိုတော့ နှစ်တိုင်းကလည်း ဒီကျောင်းက ကိုယ်ရင်လေးတွေ ဘုန်းကြီးတွေက တစ်နှစ်နဲ့ တစ်နှစ်မတူဘူး။ စာရင်းက အမြဲတမ်း အပြောင်းအလဲရှိနေတော့ ဘယ်နှပါးလဲဆိုတာကို ညှိုးချုပ်ပြီး တီဗီတွေ ဘာတွေ ကြည့်ပြီးတော့မှ သွားလေ့ရှိတယ်။ အဲ့ဒါဆို ဆရာတော်က ဩော်. . . တကယ့် အရင်းတွေက နောက်ကျနေပြီး ဟိုလူတွေလာမေးသွားပြီ။ အဲ့ဒီတော့ ကိုယ်တွေက ထင်တယ်။ ကိုယ်တွေကိုတော့ ကြည့်သင့်ကြည့်ထိုက်တဲ့ဟာတွေ မကြည့်တော့ ကိုယ်တွေကို စိတ်မဝင်စားဘူးလို့ပဲ အောက်မေ့တာပေ့ါနော်။ ဒါပေမဲ့ ဒီလိုကိစ္စတွေလုပ်တော့ သူတို့က စိတ်ဝင်စားတယ်။ စောင့်ကြည့်တယ်။ ညနေ ဆီမီးပူဇော်ပြီးမှ သူတို့က ပြန်ကြတာ။

အဲ့ဒီတော့ ဒေါ်လေးတို့မှာ ဒီလို ရိုက်ခတ်မှုဒဏ်ဟာ အဲ့ဒီအချိန်အထိ ခံခဲ့ရတာပါပဲ။ ဒေါ်လေးသား မြို့မကျောင်းမှာ နေတယ်။ သမိုင်းသင်တယ်။ ငိုပြီးပြန်လာတယ်။ ဘာဖြစ်တာလဲ ဆရာမက ရိုက်လို့လား၊ စာမရလို့လားဆိုတော့ မဟုတ်ဘူးတဲ့ ဆရာမက ပြောတယ်တဲ့ နင့်ရဲ့ အဘွားတွေ အဘိုးတွေ အသုံးမကျလို့ တိုင်းပြည်ကျွန်ဖြစ်တာဆိုလို့ ကလေးက ငိုပြီးပြန်လာတာဆိုတော့ ဒီစာရေးဆရာမ Sudha Shah ပြောသလို အတိုင်း ဒီအရှင်နှစ်ပါး ဘဝနှစ်ခုတည်းပြီးသွားတာ မဟုတ်ဘူး။ ဒေါ်လေးတို့ အနွယ်တော်တွေအထိ ဒေါ်လေးသား သမီးတွေအထိ ဒါတွေဟာ စီးဆင်းရိုက်ခတ်မှုတွေ ရှိနေပါတယ်။

နောက် ၁၉၉၃ ခုနှစ်မှာ ဒေါ်လေးတို့အဖေအပါအဝင် အဖေတို့မောင်နှမတွေ ရတနာဂီရိမှာ သရဏဂုံ သွားတင်တော့ သွားလက်စနဲ့ ဘုရားပွင့်တဲ့ ဗုဒ္ဓဂယာကို မရောက်ဘူးတဲ့ ဘကြီးတွေ၊ အဒေါ်ကြီးတွေ ဘုရားကြီးတွေက မရောက်ဖူးတော့ သွားချင်တာပေ့ါ။ ဒါပေမဲ့ သွားခွင့် မရလိုက်ဘူး။ သွားပြီး သရဏဂုံ တင်ပြီးရင် ပြန်လာ။ ဘယ်မှ သွားခွင့်မပေးခဲ့ဘူး။ မီဒီယာတွေနဲ့လည်း တွေ့ခွင့်မရှိဘူး။ ပြီးတော့ ဟိုမှာ ရေစက်ချတော့လည်း မြက်တောထဲမှာ ရရာဖလားတို့၊ ပလတ်စတစ်ခွက်တို့နဲ့ ရေစက်ချခဲ့ရတယ်။ အဲ့ဒီအချိန်မှာ မန္တလေးနန်းတော်မှာက ရွှင်အပါး တစ်ထောင် ရွှေဖလား ငွေဖလားနဲ့ ဒေါ်လေးတို့ စစ်ခေါင်းဆောင်တွေဟာ အလှူကြီးလုပ်နေတယ်လေ။ ဒေါ်လေးတို့ ရတနာဂီရိကပုံတွေကို ဗီဒီယို မှတ်တမ်းရိုက်ထားတာ ဗမာပြည် ပြန်လာတော့ နိုင်ငံခြားရေးရုံးကို ပုံတွေကိုရော ဗီဒီယိုတွေရော ပို့ရတယ်။ အဲ့ဒီအချိန်မှာ ဒေါ်လေးတို့ အစ်ကို ဦးစိုးဝင်းက နိုင်ငံခြားရေးရုံးမှာ ညွှန်ကြားရေးမှူးဘဝ။ အဲ့ဒီတော့ နိုင်ငံခြားရေးဝန်ကြီးက သူ့ကို မှာလိုက်တယ်။ ဒီအခွေတွေကို မိသားစုထဲကလွဲလို့ အပြင်ကိုလုံးဝပြခွင့်မရှိဘူး ဆိုပြီးတော့လေ။ စစ်အုပ်ချုပ်ရေးမှာ ဒေါ်လေးတို့ အနေအထားက ဆွေတော်မျိုးတော်တွေဟာ ဘာမှပြောခွင့် မရှိဘူး။ ဒါ ဒေါ်လေး ပထမဆုံးအကြိမ် မီဒီယာကနေ ဖွင့်ပြောပြဖြစ်တာပါ။ ■

# နိုင်ငံတကာ ဘာသာပြန်စာပေ နီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရသတံတားဆိုတာ မြန်မာဘာသာစကားနဲ့ နိုင်ငံတကာမှာ ရှိတဲ့ ဘာသာစကားနဲ့ ရသစာပေက ပေါင်းကူးပေးတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပေးထားတာပါ။

အိမ်စည်စိုးစံ

ရန်ကုန်၊ မေ ၂၅

ရသတံတား အမည်ရှိ နိုင်ငံတကာဘာသာပြန်စာပေ နီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၇ ရက်မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ရသတံတားစာပေပွဲတွင်စာပေဆိုင်ရာ အသင်းအဖွဲ့များအကြောင်း၊ ဘာသာပြန်ရာတွင် အသာနှင့်အနာဆိုင်ရာ ဆွေးနွေးမှု၊ တည်းဖြတ်မှုဆိုင်ရာ အခြေခံစည်းမျဉ်းများ ဆွေးနွေးမှု၊ မတူကွဲပြားသော ထုတ်ဝေပုံ၊ ထုတ်ဝေနည်း ဆိုင်ရာ ဆွေးနွေးမှု၊ ရသတံတား၏ အနာဂတ်ဆိုင်ရာ ဆွေးနွေးမှုများကို ညနေ ၃နာရီမှ ၅ နာရီအထိ ပြုလုပ်သွားမည်ဖြစ်သည်။

"ရသတံတားဆိုတာ မြန်မာဘာသာစကားနဲ့ နိုင်ငံတကာမှာရှိတဲ့ ဘာသာစကားနဲ့ ရသစာပေက ပေါင်းကူးပေးတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပေးထားတာပါ။ နောက်အလုပ်ရုံ ဆွေးနွေးပွဲလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာစာပေကို ကမ္ဘာနဲ့မိတ်ဆက်ပေးနိုင်အောင်ပါ" ဟု Pen Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ ကိုဟန်ဇော်က ပြောသည်။

အဆိုပါ ဆွေးနွေးပွဲကို Pen Myanmar မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတကာရှိ စာပေတိုက်အချို့၊ ပြည်တွင်းစာပေတိုက်အချို့နှင့် BRITISH COUNCIL၊ တော်ဝင်ဂါးဒင်းတို့မှ အကူအညီ များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရသတံတား နိုင်ငံတကာဘာသာပြန်စာပေ နီးနှော ဖလှယ်ပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်မည်ဖြစ်သည်။




# အိမ်နိမ့်စံ မိသားစုဘဝကို ထဲထဲဝင်ဝင် ရေးသားထားသည့်စာအုပ် ထွက်ပြီ

အိမ်စည်စိုးစံ

ရန်ကုန်၊ မေ ၂၅

ဆရာဦးဝင်းငြိမ်း ဘာသာပြန်ရေးသားထားသည့် နန်းကျဘုရင် စာအုပ်မိတ်ဆက်ပွဲကို မေ ၂၁ ရက်က ၃၅ လမ်းရှိ River Ayeyarwaddy Gallery တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ 'နန်းကျဘုရင်' စာအုပ်သည် မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းအကြောင်းကို ခုနစ်နှစ်ကျော် အချိန်ယူပြုစုကာ ရေးဖွဲ့ထားသည့် ဆရာမ Sudha Shah ၏ The King In Exile စာအုပ်ကို ဆရာဦးဝင်းငြိမ်းမှ ဘာသာပြန်ဆိုကာ ရေးသားထားခြင်းဖြစ်သည်။

၎င်းစာအုပ် မိတ်ဆက်ပွဲတွင် သီပေါမင်း၏ အနွယ်တော် ဒေါ်ဒေဝီသန့်စင်မှ အမှတ်တရစကားပြောကြားကာ ဆရာဦးဝင်းငြိမ်းမှ စာအုပ်ဘာသာပြန်ဖြစ်သည့်အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

'နန်းကျဘုရင်' စာအုပ်တွင် သီပေါမင်း ပါတော်မူပြီးနောက်ပိုင်း အိမ်နိမ့်စံ မိသားစုဘဝကို ထဲထဲဝင်ဝင် ဖော်ထုတ်ရေးသားထားသည့် စာအုပ်ဖြစ်ပြီး ငါတို့စာပေမှ ပုံနှိပ်ထုတ်ဝေထားခြင်းဖြစ်သည်။


www.free4reader.com

# မလေးရှားလေကြောင်းကို ဒေသတွင်း လေကြောင်းကုမ္ပဏီတစ်ခုအဖြစ် ပြောင်းလဲတော့မည်ဖြစ်ခြင်းကြောင့် ဝန်ထမ်းများ စိုးရိမ်ပူပန်မှု မြင့်မား

PN-002

ပက်တလင်းဂျာယာ၊ မေ ၂၅

ဝန်ထမ်း နှစ်သောင်းမျှ တာဝန်ထမ်းဆောင်လျက် ရှိကြသော မလေးရှားလေကြောင်းတွင် စိုးရိမ်ပူပန်သောကများ မြင့်မားလျက်ရှိပြီး စိတ်ဓာတ်ကျဆင်းလျက်ရှိကြကြောင်း သိရသည်။




မလေးရှား လေကြောင်းသည် မလေးရှားနိုင်ငံ၏ အစိုးရနှင့် ချိတ်ဆက်လုပ်ကိုင်လျက်ရှိသော အကြီးဆုံး ကုမ္ပဏီများအနက် တစ်ခုဖြစ်ပြီး ဝန်ထမ်းအင်အားများကိုလျှော့ချကာနိုင်ငံတကာလေကြောင်းအဖြစ်မှ ဒေသတွင်းလေကြောင်းကုမ္ပဏီငယ်တစ်ခုအဖြစ် အသစ်တဖန်ပြန်စရန်စီစဉ်နေခြင်းကြောင့် ထိုသို့စိုးရိမ်ပူပန်နေကြခြင်းဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီတစ်ခုလုံးတွင် အမှုဆောင်အရာရှိချုပ် ခရစ်စတိုဖာမြူလာကိုတော့ ပြန်လည်စတင်မည့်လေကြောင်း လိုင်းသစ်ကို အကူးအပြောင်းကာလ စီမံခန့်ခွဲခြင်းများကိုဦးဆောင်ရန်အတွက်ပြန်လည်ငှားရမ်းဖွယ်ရာရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် အစိုးရနှင့် ချိတ်ဆက်လုပ်ကိုင်လျက် ရှိသည့် မည်သည့်ကုမ္ပဏီကမျှ မိမိဝန်ထမ်း အများစုကို အလုပ်မှ အနားပေးသည့် အစဉ်အလာ မရှိခဲ့ချေ။

ယခုကဲ့သို့ မလေးရှားလေကြောင်းအား ပြန်လည်ဖွဲ့စည်းမှုသည် MH 370 နှင့် MH17 တို့၏ ကြေကွဲဖွယ်ရာအဖြစ်ဆိုး မတိုင်မီ လွန်ခဲ့သည့် နှစ်အတန်ကြာမှ ယနေ့တိုင်သည်အထိ ဝန်ပိနေခဲ့သော ငွေကြေးမပြေလည်မှုများကို နောက်ဆုံးတွန်းလှန်ခြင်း၏ အပိုင်းကဏ္ဍတစ်ခုလည်းဖြစ်နိုင်ကြောင်း သိရပါသည်။

“အစိုးရနဲ့ ချိတ်ဆက်လုပ်တဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တာဟာ စိတ်အချရဆုံးပဲလို့ ထင်ခဲ့မိတာ။ ခုတော့ ဇွန်လ ၁ ရက်နေ့မှာ ကျွန်တော့်အတွက် အလုပ်ရှိပါ့ဦးမလားဆိုတာတောင် မပြောတတ်တော့ဘူး”ဟုမလေးရှားလေကြောင်းမှ ဝန်ထမ်းတစ်ဦးကပြောပါသည်။

“ကျွန်တော့်တစ်သက်မှာ ခုအချိန်ဟာ အင်မတန်ဝမ်းနည်းစရာကောင်းတဲ့ အချိန်တစ်ခုပါပဲ။ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော် မလေးရှားလေကြောင်းမှာ အလုပ်စဝင်ခဲ့ ကတည်းက ဒီလိုနေ့မျိုးဖြစ်လာမယ်လို့ ထင်ကို မထင်မိခဲ့တာ”ဟုလည်း အမည်မဖော်လိုသူ ဝန်ထမ်းတစ်ဦးက ပြောပါသည်။

“အိမ်နဲ့ကားကို အရစ်ကျဝယ်ထားမိတာတွေ ဘယ်လိုပြေလည်အောင် လုပ်ရမယ်ဆိုတာကိုလည်း မစဉ်းစားတတ်တော့ပါဘူး” ဟုလည်း သူကဆက်ပြောသေးသည်။

မလေးရှားလေကြောင်း(MAS)မှပြောင်းလဲပေါ်ပေါက်လာမည့် ကုမ္ပဏီသစ် MAS Bhdသည် ယခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရပါသည်။

Ref: Anxiety high at Malaysia Airlines this week as 20,000 staff await termination letters (Straits Times)

# အပူလှိုင်းဒဏ်ကြောင့် အိန္ဒိယတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လူ ၆၀၀ ထက်မနည်း သေဆုံး

PN-002

မွန်ဘိုင်း၊ မေ ၂၆

အပူလှိုင်းဒဏ်ကြောင့် အိန္ဒိယတွင်ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လူ ၆၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

အပူလှိုင်းဒဏ်ကို အဆိုးရွားဆုံးခံရသောဒေသများမှာ အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ဒေသများဖြစ်ပြီး လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းတွင်ပင် လူပေါင်းလေးရာထက်မနည်းသေဆုံးခဲ့ကြကာ ကျန်သေဆုံးသူများမှာမူ မြောက်ပိုင်းဘက်နှင့်နီးသည့် ဒေလီပြည်နယ်အတွင်းမှ လူများဖြစ်ကြသည်။

အပူချိန်မှာ ၄၈ ဒီဂရီ ဆဲလ်စီးယပ်စ်(၁၁၈ ဒီဂရီ ဖာရင်ဟိုက်)မျှအထိမြင့်မားခဲ့သည်။

လွန်ခဲ့သည့် ရက်များအထိ အပူချိန်မှာ ကျမသွားဘဲ ဆက်လက် ပူပြင်းလျက်ရှိကာ ညဘက်များတွင်သာ အပူချိန်အနည်းငယ် ကျဆင်းခဲ့ကြောင်း CNN သတင်းဌာန၏ မိုးလေဝသပညာရှင် တွမ်ဆေတာက ပြောပါသည်။

အိန္ဒိယသို့ မုတ်သုံရာသီဝင်လာမှသာလျှင် အပူရှိန်မှသက်သာရာ ရမည်ဖြစ်ပြီး မိုးရွာရန်မှာလည်း နောက်ထပ် ရက်သတ္တတစ်ပတ်မျှ စောင့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများကမူ ပြည်သူများအား အရိပ်ထဲတွင်သာနေကြပြီး ရေသောက်ပေးကြရန် နှိုးဆော်ထားပါသည်။

သေဆုံးသူအများစုမှာ အိုးမဲ့အိမ်မဲ့များဖြစ်ကြပြီး အရိပ်ခိုစရာနေအိမ်မရှိသလိုရေလည်း သောက်ရန်မရှိသူများ ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံတွင် အပူလှိုင်းကျရောက်ခြင်းမှာ ထူးဆန်းလှသည် မဟုတ်သော်လည်း ယခင်ကထက် ပိုမိုပြင်းထန်လာခြင်းနှင့် အပူလှိုင်းကျရောက်မှု အကြိမ်ပိုများလာခြင်းကို ရင်ဆိုင်နေရသည်။

Ref: Heat wave claims 600 lives in India

# အင်းစိန်ထောင်ထဲက ဖီးလစ်ဘလက်ဝုဒ်အတွက် မိဘတွေရဲ့လက်ဆောင်

ဘုန်းသက်ပိုင်

နားကျပ်တပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်ပုံကိုဖေ့စ်ဘွတ်ခ်တွင် တင်ခဲ့သည့်အတွက်အင်းစိန်အကျဉ်းထောင်ထဲတွင် ထောင်ဒဏ် ကျခံနေရသည့် နယူးဇီလန် နိုင်ငံသား ဖီးလစ်ဘလက်ဝုဒ်အတွက် မိဘဖြစ်သူတို့က အထူးလက်ဆောင်တစ်ခုပေးပို့ရန် စီစဉ်နေသည်ဟု သိရသည်။




ရပ်ဘီကစားနည်းကို အရူးအမူးစွဲလန်းသည့် ဖီးလစ်ဘလက်ဝုဒ်ကို လာမည့်ကြာသပတေးနေ့တွင် ခြောက်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ထောင်ဝင်စာတွေ့ခွင့်ပြုလိုက်ရာ သူ့မိဘနှစ်ပါးက ရန်ကုန်အင်းစိန်ထောင်တွင် သားဖြစ်သူကို သွားရောက်တွေ့ဆုံမည်ဖြစ်သည်။

ဘရိန်းနဲ့ အင်ဂလာဘက်ဝုဒ်တို့ ဇနီးမောင်နှံသည် သားဖြစ်သူအသည်းစွဲ ရပ်ဘီအသင်းဆီမှ အမှတ်တရပစ္စည်းတစ်ခုနှင့် စိတ်ဓာတ်ကျနေသည့် သားဖြစ်သူကို စိတ်အား ပြန်တက်အောင်လုပ်ဆောင်ပေးနိုင်ရန်မျှော်လင့်နေကြသည်။

သူတို့သည် မိတ်ဆွေတစ်ဦးလက်ဆောင်ပေးထားသည့် နယူးဇီလန်မှနာမည်ကျော် ရပ်ဘီကစားသမား အာဒီးဆာဗီယာ လက်မှတ်ထိုးထားသော ဂျာစီအင်္ကျီပေါ်တွင် Hurricanes အသင်းသား အားလုံးက လက်မှတ်ဝိုင်းထိုးပေးကြရန် တောင်းဆိုလိုက်သည်။

“အသင်းသား အားလုံး လက်မှတ်ထိုးပေးထားတဲ့ ဂျာစီအင်္ကျီကို ရရင် သူ့ရဲ့စိတ်ဓာတ်ဟာ အဆင့်တစ်ခုကိုပြန်မြင့်တက်သွားစေမယ်လို့ ကျွန်တော်တို့ ယူဆထားပါတယ်”ဟု ဖခင်ဘရိန်းဘက်ဝုဒ်က ပြောပါသည်။

မိခင် အင်ဂလာကတော့“ကျွန်မတို့ ဒီဇင်ဘာလဆန်းကတည်းက သူနဲ့ စကားမပြောရတော့ပါဘူး။ စကားပြောဖို့ခွင့် မပြုပါဘူး။ အဆက် အသွယ်လုပ်တာကိုလည်း ခွင့်မပြုပါဘူး။ သူ့ကို ဘောပင်နဲ့စာရွက် အသုံးပြုခွင့်ပေးမထားပါဘူး။ စာတွေ ရေးတာကိုလည်း ခွင့်မပြုပါဘူး”ဟု ပြောပြပါသည်။

မြန်မာနိုင်ငံတွင် အကျဉ်းထောင်၏အခြေအနေအရပ်ရပ်မှာ တင်းကျပ်လွန်းလှသည်ဟု မိဘနှစ်ပါးက ကောက်ချက်ချခဲ့သည်။

၎င်းတို့ ဇနီးမောင်နှံသည် ဖီးလစ်ကို ဒုတိယအကြိမ် အယူခံဝင်ရန် နားချနိုင်ခဲ့သည်။ ဖီးလစ်၏ ပထမအကြိမ်အယူခံကို တရားရုံးက လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ပယ်ချခဲ့သည်။

Ref: Myanmar Prisoner Philip Blackwood's Parents Plan Hurricanes Gift


## ဝန်ထမ်း အလိုရှိသည်

Asian Fame Media Group မှ ထုတ်ဝေလျက်ရှိသော အပတ်စဉ်ထုတ်ဂျာနယ်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းများတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

Advertising and Sales Executive … ကျား/မ-(၃) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။
- Advertising and Marketing နှင့် ပတ်သက်သောဘွဲ့ (သို့) အောင်လက်မှတ် (သို့) ဒီပလိုမာရရှိထားသူကို ဦးစားပေးမည်။
- လုပ်သက်အနည်းဆုံး (၂) နှစ်ရှိပြီး အသက် (၂၄) နှစ်မှ (၃၀) နှစ်အတွင်းရှိသူဖြစ်ရမည်။
- သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ရန်ကုန်မြို့တွင်း ကွင်းဆင်းသွားလာနိုင်ရမည်။
- လစာနှင့်အတူ ကော်မရှင် ခံစားခွင့်ရရှိမည်။

စိတ်ဝင်စား၍လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် (CV) နှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ နိုင်ငံသား မှတ်ပုံတင်မိတ္တူတို့နှင့်အတူ (၁၂-၆-၂၀၁၅) နေ့ နောက်ဆုံးထား၍ Asian Fame Media Group အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၄၉၁၆၅၊ ၀၁-၃၇၃၉၃၀၊ Email-asianfame2014@ gmail. com သို့လျှောက်ထားနိုင်ပါသည်။

## သတင်းထောက် အလိုရှိသည်

Asian Fame Media Group မှထုတ်ဝေလျက်ရှိသော Popular News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

သတင်းထောက် ……… ကျား/မ-(၅) ဦး
(ရန်ကုန်တွင် တာဝန်ထမ်းဆောင်ရန်)

သတင်းထောက် ……… ကျား/မ-(၂) ဦး
(မန္တလေး၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန်)

- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သတင်းလုပ်ငန်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။
- အချိန်မရွေး၊ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- သတင်းထောက်အတွေ့အကြုံရှိသူကို ဦးစားပေးခန့်ထားမည်။

စိတ်ဝင်စား၍လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် (CV) နှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ နိုင်ငံသား မှတ်ပုံတင်မိတ္တူတို့နှင့်အတူ (၁၂-၆-၂၀၁၅) နေ့ နောက်ဆုံးထား၍ Asian Fame Media Group အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၄၉၁၆၅၊ ၀၁-၃၇၃၉၃၀၊ Email-asianfame2014@ gmail. com သို့လျှောက်ထားနိုင်ပါသည်။

Vol: 7, No-21, May 28, 2015 POPULAR NEWS










၂၀၁၅ ခုနှစ် မေလ ၁၆ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်နယ် မုဒုံမြို့သို့ နေ့လယ်တွင်ရောက်ရှိ၍ လူထုအားတွေ့ဆုံစကားပြောကြားခဲ့ပြီး မေလ ၁၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ဖွင့်လှစ်ပေးခဲ့သော သံဖြူဇရပ်မြို့ မြနန္ဒဟာယစစ်သင်္ချိုင်းသို့ လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့အတူ မေလ ၂၃ ရက်နေ့ နံနက်က ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်လေကြောင်းလိုင်းဖြင့် ပူတာအိုလေဆိပ်ကိုဆိုက်ရောက်ပြီး ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်ရှိ သံဘောင်တံတားအနီးရှိကွင်းတွင် လူထုတွေ့ဆုံပွဲပြုလုပ်ခဲ့ကာ ညနေတွင် ပူတာအိုဒေသရှိ လီဆူး၊ ရဝမ်၊ ကချင်၊ ခန္တီး၊ ရှမ်းတိုင်းရင်းသားလူကြီးများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိအဖွဲ့ဝင်များ၊ ခရစ်ယာန်အသင်းတော် ၁၂ ဖွဲ့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများကို ဖော်ပြလိုက်ပါသည်။

ဓာတ်ပုံ - ခွန်လတ်၊ ကျော်ကျော်(AF)



# ဒေါ်အောင်ဆန်းစုကြည်၏ မွန်ပြည်နယ်နှင့် ပူတာအို ခရီးစဉ်မှတ်တမ်း







www.free4reader.com



## အသက် ၆၅ နှစ်ကျော်မှ လေးမြွှာပူး ထပ်မွေးလိုက်တဲ့ ကလေး ၁၇ ယောက်မိခင်

KTZO
ဘာလင်၊ မေ ၂၅

အသက် ၆၅ နှစ်အရွယ်ရှိ ဂျာမန် အမျိုးသမီးတစ်ဦးသည် လေးမြွှာပူးကလေးကို မွေးဖွားခဲ့ပြီး သူမတွင် ကလေး ၁၇ ဦးရှိပြီးဖြစ်ကြောင်း ယူကရိန်းနိုင်ငံရှိ RTL ရုပ်သံဌာနက ပြီးခဲ့သည့် စနေနေ့တွင် ထုတ်လွှင့်တင်ဆက်ခဲ့သည်။

အန်နီဂရက်ရောနစ်သည် သားယောက်ျားလေး သုံးဦးနှင့်သမီးမိန်းကလေး တစ်ဦးပါသော လေးမြွှာပူးကလေးများကို ကိုယ်ဝန် ၂၆ ပတ်တွင် ဘာလင်ဆေးရုံ၌ မွေးဖွားခဲ့သည်။ သူမသည် ဘာလင်၌နေထိုင်ပြီး အင်္ဂလိပ်စာနှင့်ရုရှားစာကို သင်ကြားပေးနေသော ပင်စင်ယူခါနီးဆရာမတစ်ဦးလည်း ဖြစ်သည်။

သူမ၏ ကလေးအချို့ပင်လျှင် အရွယ်ရောက်၍ အိမ်ထောင်ရက်သားကျပြီးဖြစ်၍ သူမတွင် မြေးခုနစ်ယောက်ပင် ရရှိပြီးဖြစ်သည်။ သို့ရာတွင် သူမ၏ အငယ်ဆုံးသမီးဖြစ်သူ ကိုးနှစ်အရွယ်သမီးငယ်က မောင်လေး၊ ညီမလေးများ လိုချင်သည်ဟု ပူဆာခဲ့သဖြင့် ယခုကိုယ်ဝန်ကို ဖန်တီးရယူခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဆရာဝန်ဆီရောက်ပြီး လေးမြွှာပူးမှန်းလည်းသိရော သမီးအကြီးဆုံးဆို 'ရှော့ခ်'တောင်ဖြစ်သွားသေးတယ်။ ဒါပေမဲ့ ကျွန်မကတော့လုံးဝမကြောက်ခဲ့ပါဘူး။ ဘာလို့လဲဆို ကျွန်မက ကျန်းမာသန်စွမ်းတုန်းပဲ ရှိသေးတာမို့လေ"ဟု သူမက ပြောကြားခဲ့သေးသည်။ *Ref: Yahoo*

# Memorial Day အထိမ်းအမှတ် "လွတ်လပ်စွာစီးနင်းခွင့်" အဖြစ် မော်တော်ဆိုင်ကယ် ထောင်ပေါင်းများစွာဖြင့် ကျင်းပ




KTZO
ဝါရှင်တန်ဒီစီ၊ မေ ၂၅

မေလ ၂၅ ရက်နေ့တွင် ကျရောက်သည့် Memorial Day အထိမ်းအမှတ်အဖြစ် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ထောင်ပေါင်းများစွာသော ဆိုင်ကယ်စီးသူများနှင့် ပရိသတ်များစွာတို့က 'လွတ်လပ်စွာစီးနင်းခွင့်'ကို မြို့တော်၏ လမ်းမတစ်လျှောက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

အဆိုပါနေ့တွင် ပင်တဂွန်စစ်ဌာနချုပ်၌ ဆိုင်ကယ်သမားများ စုဖွဲ့၍ တစ်မြို့လုံးအနှံ့ ဆိုင်ကယ်စက်သံများ ဆူညံလျက် ဝါရှင်တန်ဒီစီရှိ National Mall တစ်လျှောက် ဆိုင်ကယ်များ စီးနင်းမောင်းနှင်ကြသည်။ ယင်းနေ့တွင် လမ်းများပိတ်၍ ဆိုင်ကယ်စီးနင်းသူများအား ပရိသတ်ထောင်ပေါင်းများစွာကလည်း လာရောက်ကြည့်ရှု အားပေးကြသည်။

Memorial Day သည် ဒုတိယစစ်အတွင်း တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားခဲ့သည့် အမေရိကန်စစ်သည်များကို ဂုဏ်ပြုသည့်အနေနှင့် အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် မေလ၏ နောက်ဆုံးအပတ် တနင်္လာနေ့တွင် ယင်းသို့ပွဲတော်များကို ပြုလုပ်ကျင်းပကြခြင်း ဖြစ်သည်ဟုသိရသည်။ Ref: Dailymail






## အသက် ၁၁၆ နှစ်အထိ မြက်ရိုတ်နေဆဲ အဘွားအို

KTZO
ဒက်ထရွိုက်၊ မေ ၂၅

ကမ္ဘာ့အသက်အကြီးဆုံး လူသားအဖြစ် မကြာသေးမီကမှသတ်မှတ်ခံထားရသော မီချီဂန်ပြည်နယ်မှ အဘွားအို၏ အသက် ၁၁၆ နှစ်ပြည့်မွေးနေ့ကို ပြီးခဲ့သည့် မေလ ၂၃ ရက် စနေနေ့က ပြုလုပ်ခဲ့သည်။

အဘွားအို ဂျရလင်းတယ်လီသည် ပြီးခဲ့သည့်လက အသက် ၁၁၆ နှစ်ရှိ ဂါးထရုဗ်ဝီဗာသေဆုံးသွားခဲ့သည့်အတွက် ကမ္ဘာ့အသက်အကြီးဆုံးလူသားဖြစ်လာခဲ့ခြင်းဖြစ်သည်။ သူမကို ၁၈၉၉ ခုနှစ်



မေလ ၂၃ ရက်တွင် အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ် Montrose မြို့တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

သူမ၏ ယောက်ျားဖြစ်သူပင်လျှင် ၁၉၈၈ ခုနှစ်၌ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် သူမမှာမူ ပြီးခဲ့သည့်နှစ်အနည်းငယ်အထိ ကျန်းမာဆဲ၊ သန်ဆဲ၊ မြန်ဆဲဟု ဆွေမျိုးများက ဆိုကြသည်။ သူမသည် အားလပ်ချိန်များကို ဒိုးလိုမ့်ကစားရင်း ကုန်ဆုံးရသည်ကို ကြိုက်နှစ်သက်ကြောင်း၊ မြက်ရိတ်နိုင်ဆဲရှိကြောင်းတို့ကို သိရသည်။

သူမ၏မွေးနေ့မတိုင်မီ နှစ်ရက်အလိုကပင် အမေရိကန်သမ္မတဘားရက်အိုဘားမားထံမှ မျိုးဆက်များစွာ ပိုင်ဆိုင်ထားခြင်းအတွက် ဂုဏ်ပြုစာလွှာ ရရှိခဲ့သေးသည်ဟု သိရသည်။ *Ref: UPI*

## ကားအတွင်း ချစ်ရည်လူးသူများ သတိထား

KTZO
ကန်တပ်ကီ၊ မေ ၂၅

အမေရိကန်နိုင်ငံ၊ ကန်တပ်ကီ ခနေသဟာယဒေသအတွင်းရှိ ဂလတ်တင်စီရင်စုတွင် စုံတွဲတစ်တွဲမှာ ကားအတွင်း ချစ်ရည်လူးရာမှ ကားအင်ဂျင်ကို မပိတ်ဘဲနေမိသဖြင့် ကာဗွန်မိုနောဆိုဒ်ဓာတ်ငွေ့ အဆိပ်သင့်ကာ သေဆုံးခဲ့ရသည်။

အဆိုပါ စုံတွဲမှာ ဒေးဗစ်လောင်းနန် ၃၂ နှစ်နှင့် ဗွိုင်အိုလက် ၂၅ နှစ်တို့ဖြစ်ကြပြီး ၎င်းတို့၏ ကားစက်ကို မိနစ် ၉၀ ခန့် နှိုးထားသဖြင့် သံချေးတက်နေသော အိပ်ဇောပိုက်တစ်လျှောက် ဓာတ်ငွေ့များ ပြည့်လျှံလာကာ ကားအတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်



ဟု ဆိုသည်။

သေဆုံးနေသော ၎င်းတို့ကို ဒေးဗစ်၏အစ်ကိုဖြစ်သူက ရှာတွေ့ခဲ့ခြင်းဖြစ်ပြီး ဆေးကုသမှုခံယူရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်းသိရသည်။ ဒေသခံ တာဝန်ရှိ ရဲအရာရှိတစ်ဦးကမူ ၎င်းတို့စုံတွဲမှာချစ်ရည်လူးပြီးနောက် အိပ်ပျော်သွားသည့်အတွက် ယင်းသို့အဖြစ် ဆိုးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

*Ref: Metro*

www.free4reader.com